ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (24-7-2011) (၆၈၃၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး

☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့ စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော လူစီးမော်တော်ယာဉ်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကြည့်ရှုအားပေး

နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်သူများသိရှိရန်နှင့် ဈေးကွက်ချဲ့ထွင်ရန်ရည်ရွယ် အမှတ်(၁)နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများမှ ထုတ်ကုန်များ ခင်းကျင်းပြသ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ၌ ခင်းကျင်းပြသထားသော မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၉ နာရီတွင် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ကျင်းပရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များနှင့် အတူ မြန်မာ

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့ စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော မြန်မာ့ စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၄- ၇ -၂၀၁၁
(တနင်္ဂနွေနေ့)

အရည်အသွေးပြည့်ဝ ဘွဲ့လွန်ပညာရှင်များ မွေးထုတ်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိသည်။ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသများ၊ နယ်စပ်အစွန်အဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

တစ်ချိန်တည်းတွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်အသစ်များ တိုးချဲ့ဖွင့်လှစ်နေသည်။ ၂၀၀၁ ခုနှစ်မှစတင်၍ ဆေးပညာနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် သင်တန်းသားများ တိုးမြှင့်လက်ခံသင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ဆေးပညာသင်ကြားရေးဆိုင်ရာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အခြေခံအဆောက်အအုံများ တိုးချဲ့ပြီး လက်ရှိအဆောက်အအုံများ မွမ်းမံပြင်ဆင်ပေးလျက်ရှိသည်။ ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်များ ထူထောင်ပေးခြင်းတို့ကိုလည်း စီမံဖော်ဆောင်ပေးနေပေပြီ။ သင်ကြားပေးသူများနှင့် ဆည်းပူးလေ့လာသူများအနေဖြင့် စနစ်တကျ ကျွမ်းကျင်တတ်မြောက်စေရေး ပိုမိုအားထုတ် ကြိုးပမ်းကြရပေဦးမည်။

နိုင်ငံတော်က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးဖော်ဆောင်ရာတွင် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများပါဝင်သည်။ ဘွဲ့ကြို ဘွဲ့လွန်သင်တန်း အသီးသီး၏ သင်ရိုးညွှန်းတမ်းများသည် တိုင်းပြည်၏ လိုအပ်ချက်၊ နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်၊ နိုင်ငံတကာ၌ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေတို့နှင့် လိုက်လျောညီထွေဖြစ်စေရန်လည်း လိုအပ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီး၏ ဒေသအသီးသီး၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေပြီ။ တိုးတက်လာသော ဆေးပညာရပ်များနှင့်အညီ ခေတ်မီနည်းပညာများကို စနစ်တကျအသုံးပြု၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ အရည်အသွေးပြည့်ဝသော ဘွဲ့လွန်ဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်အတန်းမြင့်မား အကျိုးဖြစ်ထွန်းမှုများပြားလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တက္ကသိုလ်ရိပ်မွန် ဥယျာဉ်မြို့တော်အိမ်ရာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းလွင်တို့ နေအိမ်များရှိ ရေကန်၊ ရေစည်၊ ရေအိုးများကို အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၀၀၀	၀. ၀၃၃၅၆
တရုတ် (ယွမ်)	၆. ၄၄၇၉၀	၀. ၁၅၅၀၉
အိန္ဒိယ (ရူပီး)	၄၄. ၃၄၀၀	၀. ၀၂၂၅၅
မလေးရှား (ရင်းဂစ်)	၂. ၉၇၆၀၀	၀. ၃၃၆၀၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၈၅၀	၀. ၈၂၇၄၇
ဂျပန် (ယန်း)	၇၈. ၅၄၀၀	၀. ၀၁၂၇၃
တောင်ကိုရီးယား(ဝမ်)	၁၀၅၀. ၄၀	၀. ၀၀၀၉၅
ယူရို	၀. ၆၉၆၅၂	၁. ၄၃၅၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၃၄၆	၁. ၆၃၀၁၀

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ အကောင်အထည်ဖော်မှုဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်မှာကြား

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် စပ်လျဉ်းသည့် လေ့လာတင်ပြရေးအဖွဲ့ သုံးဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လေ့လာတင်ပြရေးအဖွဲ့ သုံးဖွဲ့မှ ဥက္ကဋ္ဌများနှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် စက်မှုကဏ္ဍရည်မှန်းချက် ပြည့်မီပါက တိုင်းဒေသကြီး၏ စီးပွားရေးရည်မှန်းချက် ပြည့်မီရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသည့် လေ့လာတင်ပြရေးအဖွဲ့ သုံးဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ် AFTA တွင် စက်မှုဇုန်များ တွေ့ကြုံရမည့်အနေအထား၊ ရင်ဆိုင်ကျော်လွှားနိုင်မည့် အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာ၍ ကြိုတင်ပြင်ဆင်ရန်၊ သုံးသပ် တင်ပြကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးတွင် စက်မှုဇုန်များ ဖွံ့ဖြိုးမှုက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးညဏ်ထွန်းဦး၊ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက စက်မှုဇုန်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးတို့က ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လှိုင်သာယာ စက်မှုဇုန် (၄) ရှိ Great International Fisheries Co., Ltd. ၏ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံနှင့် စက်မှုဇုန်(၃)ရှိ GP ဘက်ထရီစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ၏ အကောင်အထည်ဖော်မှု အခြေအနေအား လေ့လာတင်ပြရေး အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၃

မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ်ချောင်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၁၈ ရက်က မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားအမှတ်(၂) အနီးရှိ ရာဇူဒိုင် သဘာဝမြစ်ချောင်းရေပြင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၅၀ ကျော်တို့က ထိုင်းငါးခုံးမကြီးကောင်ရေ သုံးသိန်းကို သဘာဝမြစ်ချောင်းရေပြင်အတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**

(၃၆၄)

အင်္ဂလန်နိုင်ငံနေ ဒေါက်တာဒေါ်မြင့်မြင့်အုန်းချိန်က ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဒေါက်တာ ဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံစဉ်။ (ကြေးမုံ)

သက်ကြီး ဆရာဝန်များ ထောက်ကူအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ရက်ပြောင်းရွှေ့

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မူလအစီအစဉ်အရ ဇူလိုင် ၃၀ ရက် (စနေနေ့)တွင် ကျင်းပမည့်အစား ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့)သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကန်စွန်း(မ)ကျေးရွာရှိ လေးလက်မစက်ရေတွင်း ရေမြှုပ်ပန့်တပ်ဆင်၍ ကျေးရွာနေပြည်သူများအား ရေပေးဝေစဉ်။ (မြို့နယ်စည်ပင်)

လျှပ်စစ်အန္တရာယ် ပညာပေးစာစောင်များ ဖြန့်ဝေ

ရန်ကုန် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး ကွန်းစုမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟစိုးနှင့်အဖွဲ့သည် ဇူလိုင် ၂၀ ရက်တွင် မြို့နယ်အတွင်း သတ်မှတ်နေရာများ၌ လျှပ်စစ်အန္တရာယ် သတိပေးမြေစိုက်ပိုစတာစိုက်ထူခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ကုန်တင်ယာဉ်ကြီးများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဥပစာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေ အကြီးစားစက်မှုလုပ်ငန်းမှထုတ်လုပ်သော လူစီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ စက်ယန္တရားကြီးများတွင် အသုံးပြုရသော အင်ဂျင်အမျိုးမျိုး၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် အင်ဂျင်အစိတ်အပိုင်းများ၊ ကုန်တင်ရထားတွဲပစ္စည်း အစိတ်အပိုင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများနှင့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော စက်နှင့်စက်ကိရိယာများ ပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှထုတ်လုပ်သော ဆေးဝါးအမျိုးမျိုးနှင့် စားသောက်ကုန်များ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လုပ်ထုံး၊ လုပ်နည်းများ၊ လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေဆိုင်ရာ သိကောင်းစရာအချက်အလက်များ၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းမှထုတ်လုပ်သော အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ မကြာမီ ဖွင့်လှစ်တော့မည့် မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)စက်ရုံ ပုံစံငယ်နှင့် ထုတ်လုပ်မည့် အဆင့်မြင့်မှန်နမူနာများ၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သော ချည်မျှင်နှင့် ပိတ်များ၊ အဝတ်အထည်များ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၂၀၀ ကျ စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)ပုံစံငယ်နှင့် စက်ရုံမှထုတ်လုပ်သော နိုင်ငံခြား အရည်အသွေးမီ အဆင့်မြင့်စက္ကူများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) အထွေထွေ အကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော Low Power LED များနှင့် High Power LED များ၊ ကျေးရွာမီးလင်းရေးအတွက် Solar စနစ်ဖြင့် ဆောင်ရွက်ထားသည့် Solar ပြားများ၊ မော်တော်ယာဉ်သုံးတာယာများ အပါအဝင်စက်မှုထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေး အဆင့်အတန်းအား အများပြည်သူများသိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင် တိုးတက်ရရှိစေရန် ရည်ရွယ်၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဇူလိုင် ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပိတ်အမျိုးမျိုး၊ ပန်းရိုက် ဆေးဆိုးထည်အမျိုးမျိုး၊ စက်ထိုးထည်များ၊ စွပ်ကျယ်၊ တီရှပ်၊ စပို့ရှပ်နှင့် ချုပ်ထည်များကို လည်းကောင်း၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်ထားသော ဆေးဝါးများ၊ မြွေဆိပ်ဖြေဆေးများ၊ ငှက်ဖျားရောဂါ ကာကွယ်ကုသဆေးများ၊ သွေးကြောသွင်းဆေးရည်များ၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများ၊ တိုင်းရင်းဆေးများ၊ တစ်ခါသုံးဆေးထိုးအပ်များ၊ အလှကုန်များ၊ အချိုရည်မျိုးစုံ၊ ပလတ်စတစ်ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ အပါအဝင် ထုတ်ကုန်ပစ္စည်း ၁၉၅ မျိုးကိုလည်းကောင်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေ၊ အုတ်နှင့် မီးခံအုတ်များ၊ မှန်နှင့်အဆင့်မြင့်ကြွေသီးများ အပါအဝင် ထုတ်ကုန်ပစ္စည်း ၅၆ မျိုးကိုလည်းကောင်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်၊ ဆပ်ပြာမှုန့်နှင့်ဆပ်ပြာရည်၊ စာအုပ်နှင့်စာရေးစက္ကူ ထုတ်ကုန်ပစ္စည်း ၅၃ မျိုးကိုလည်းကောင်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၏ စက်ဘီး၊ အပ်ချုပ်စက်၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းများ၊ ဖိနပ်နှင့် ပလတ်စတစ်ပစ္စည်းများ အပါအဝင် ထုတ်ကုန်ပစ္စည်း ၅၁၃ မျိုးကိုလည်းကောင်း စုစုပေါင်းထုတ်ကုန်ပစ္စည်း ၈၉၃ မျိုးကို လက်လီ လက်ကား ဝယ်ယူလိုသူများအတွက် ခင်းကျင်းပြသထားသည်။

ထို့အတူ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)အထွေထွေအကြီးစားစက်မှုလုပ်ငန်း၏ လူစီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများ၊ လမ်းကြိတ်စက်ကြီးများ၊ ဆန်စပါးစိုက်ပျိုးသည်မှ ဆန်အချောထွက်သည်အထိ အသုံးပြုရသောလယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ လယ်ယာလုပ်ငန်းခွင်သုံး သယ်ပို့ယာဉ်များ၊ အင်ဂျင်အမျိုးမျိုး၊ မော်တော်ယာဉ် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် အင်ဂျင်အစိတ်အပိုင်းများ၊ မြန်မာ့မီးရထားသို့ ထုတ်လုပ်ပေးနေသော ကုန်တင်ရထားတွဲ ပစ္စည်းအစိတ်အပိုင်းများ အပါအဝင် စုစုပေါင်း ထုတ်ကုန်ပစ္စည်း ၇၂ မျိုးကို ခင်းကျင်းပြသထားသည်။

အလားတူ အမှတ်(၂) အထွေထွေ အကြီးစားစက်မှုလုပ်ငန်း၏ BIAS မော်တော်ယာဉ်တာယာ ၂၇ မျိုးနှင့် ရေဒီယယ်တာယာ ၁၂ မျိုး၊ မော်တော်ယာဉ်တာယာထုတ်လုပ်ရာ၌ အဓိကအသုံးပြုသည့် စက်မှုကုန်ကြမ်းနှင့် သဘာဝရော်ဘာများ၊ Conventional Machine Tool ၁၁ မျိုး၊ Transformer ခြောက်မျိုး၊ PVC ဝါယာကြိုး အမျိုးပေါင်း ၅၀၊ Power Cable များ၊ တာဘိုင်နှင့် ဂျင်နရေတာများ၊ Lead Acid Battery လေးမျိုး၊ ပြုပြင်ထိန်းသိမ်းရန် မလိုသည့် ဘက်ထရီများနှင့် မီတာများ၊ Computer Numerical Control စနစ်သုံး Machine Tool ၁၁ မျိုးနှင့် လျှပ်စစ်စွမ်းအင် သုံးစွဲမှုလျော့ကျစေရန်အတွက် Low Power LED များ၊ High Power LED များနှင့် Solor ပြားများအပါအဝင် ထုတ်ကုန်ပစ္စည်းများကို လက်လီလက်ကား ဝယ်ယူလိုသူများအတွက် စုံလင်စွာခင်းကျင်းပြသထားသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော LED များနှင့် Solar ပြားများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အသေးစားချေးငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား ပြည်သူများကျန်းမာရေးတိုးတက်လာစေရန်နှင့် ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားရောဂါများ မဖြစ်ပွားစေရေး ပညာပေးဟောပြောကြရန် မှာကြား၍ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အမှတ်(၈၇) သစ်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ္တလင်းပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး (၂)ထပ်တိုးချဲ့လူနာဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လူနာဆောင်လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။ ဆက်လက်၍ နတ္တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဇီးကုန်းမြို့နယ် ဝက်ကော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကွန်ပျူတာတစ်စုံ လှူဒါန်းကာ ဆောက်လုပ်ဆဲကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစားချေးငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသေးစားချေးငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သမဝါယမအစုအဖွဲ့ ကိုယ်စားလှယ်များထံ အသေးစားချေးငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂၄)**
၁၁:၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်၍သိသော**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၂:၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၁)**

ညပိုင်း

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ လျှပ်တစ်ပြက်
၄:၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၅ ၇။ မြန်မာ့ရှုခင်း
၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ ဒိုဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ဘဝကြေးမုံ -အချစ်ဖြင့်ပေးခဲ့ပါသော်လည်း (သူရလင်း၊ သဇင်ထူးနိုင် နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆:၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၇)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၇)**

ရေငွေ့တိမ်တိုက်ကြီးတစ်ခု ဝန်းရံထားသော အေပီအမ် ၀၈၂၇၉+၅၂၅၅ အမည်ရှိ ကွေဆာခေါ် အလင်းပွိုင့်အား ကွန်ပျူတာဖြင့် သရုပ်ဖော်ထားပုံကို တွေ့ရစဉ်။

စကြဝဠာအတွင်းရှိ သက်တမ်းအရင့်ဆုံးနှင့် အကြီးမားဆုံးရေငွေ့တိမ်တိုက်ကြီး တွေ့ရှိ

ဟာဝိုင်ယီ ဇူလိုင် ၂၃

စကြဝဠာအတွင်း တွေ့ရှိဖူးသမျှ အကြီးမားဆုံးနှင့် သက်တမ်းအရင့်ဆုံးဖြစ်သော ရေခိုးရေငွေ့များ စုဝေးနေသည့် မဟာတိမ်တိုက်ထုကြီးတစ်ခုကို နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြသည်။

အဆိုပါ မဟာတိမ်တိုက်ကြီးထဲ၌ ပါဝင်သော ရေပမာဏသည် ကမ္ဘာ့သမုဒ္ဒရာများအားလုံး၏ စုစုပေါင်းရေပမာဏထက် အဆပေါင်း ထရီလီယံ ၁၄၀ ပိုများကြောင်း သိရသည်။ (တစ်ထရီလီယံသည် တစ်နောက်၌ သုည ၁၈ လုံးပါဝင်သော ဂဏန်းသင်္ချာအရေအတွက်နှင့် ညီမျှသည်။)

ယင်းရေခိုးရေငွေ့တိမ်တိုက်ကြီးသည် ကမ္ဘာမြေမှ အလင်းနှစ် ၁၂ ဘီလီယံကွာဝေးသည့်နေရာရှိ ကွေဆာ (အလင်းပွိုင့်)ဟုခေါ်သော ဧရာမတွင်းနက်ကြီးတစ်ခုကို ဝန်းရံတည်ရှိသည်။

လေ့လာတွေ့ရှိမှုများအရ မဟာရေခိုးရေငွေ့တိမ်တိုက်ကြီးသည် နှစ်သန်းပေါင်း ၁၂ ဘီလီယံရှိပြီဖြစ်ရာ စကြဝဠာကြီး စတင်ဖြစ်ပေါ်ပြီးနောက် နှစ်ပေါင်း သန်း ၁၆၀၀ ခန့်တွင် ဖြစ်ပေါ်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

ရေခိုးရေငွေ့များ ဝန်းရံတည်ရှိသော ကွေဆာ(အလင်းပွိုင့်)ကို ထောက်လှမ်းအတည်ပြုနိုင်ရန် နက္ခတ္တဗေဒ သိပ္ပံပညာရှင်များသည် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းနှင့် ကာလီဖိုးနီးယားပြည်နယ်တို့မှ တယ်လီစကုပ်များအား အသုံးပြုခဲ့ကြသည်။

နက္ခတ္တဗေဒပညာရှင်များ လေ့လာခဲ့သော ကွေဆာသည် အေပီအမ် ၀၈၂၇၉+၅၂၅၅ အမည်ရှိ ကွေဆာဖြစ်ပြီး နေ၏ ဒြပ်ထုထက် အဆပေါင်း ဘီလီယံ ၂၀ ပိုသော တွင်းနက်တစ်ခု တည်ရှိနေသည်။ ယင်းကွေဆာမှ ထုတ်လွှတ်သော စွမ်းအင်ပမာဏသည် နေအစင်းပေါင်း ၁၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀ မှ ထုတ်လွှတ်သော စွမ်းအင်နှင့်ညီမျှသည်။ ***အင်တာနက်။***

အငတ်ဘေးဆိုက်နေသော ဆိုမာလီယာနိုင်ငံသား နှစ်သန်းကျော်အတွက် အကူအညီများ မပေးနိုင်သေး

နိုင်ရိုဘီ ဇူလိုင် ၂၃

မိုးခေါင်ရေရှားကပ်ဘေးကြောင့် အငတ်ဘေးနှင့် ရင်ဆိုင်နေရသော ဆိုမာလီယာနိုင်ငံသား နှစ်သန်းကျော်တို့အား အကူအညီပေးရန် ၎င်းတို့နေထိုင်ရာဒေသများသို့ အကူအညီပေးရေးအဖွဲ့များ သွားရောက်နိုင်ခြင်းမရှိသေးကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က စနေနေ့တွင် ပြောကြားသည်။

အငတ်ဘေးကပ်ဆိုက်မှုများဖြစ်ပွားနေသော ဆိုမာလီယာနိုင်ငံ တောင်ပိုင်းဒေသအများစုကို အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့်ဆက်နွှယ်သော အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့က ထိန်းချုပ်ထားသည်။

တားမြစ်ပိတ်ပင်

ပြည်ပအကူအညီပေးရေး အဖွဲ့အစည်းများက ဆိုမာလီယာတောင်ပိုင်း၌ စားနပ်ရိက္ခာအကူအညီများ ပေးအပ်မှုကို အယ်လ်ရှာဘတ်အုပ်စုက ၂၀၁၀ ခုနှစ်တွင် တားမြစ်ပိတ်ပင်ခဲ့သည်။

ဆိုမာလီယာနိုင်ငံသား ၂ ဒသမ ၂ သန်းကျော်တို့မှာ အကူအညီများ လိုအပ်နေသော်လည်း ၎င်းတို့ထံ မိမိတို့ မသွားရောက်နိုင်သေးကြောင်း၊ ဆိုမာလီယာတောင်ပိုင်းသည် ကမ္ဘာပေါ်၌ အန္တရာယ်အများဆုံးဒေသတစ်ခု ဖြစ်နေကြောင်း ဒဗလျူအက်ဖ်ပီ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဂျိုးဆက်ရှီယာရန်းက ပြောကြားခဲ့သည်။

ကုန်းလမ်းဖြင့် သွားရောက်၍ မရနိုင်သော အငတ်ဘေးဆိုက်ဒေသများသို့ လေကြောင်းမှတစ်ဆင့် စားနပ်ရိက္ခာအကူအညီများချပေးရန် ဒဗလျူအက်ဖ်ပီက စဉ်းစားသုံးသပ်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီယာ၊ ကင်ညာနှင့် အီသီယိုးပီးယားနိုင်ငံများအကြား သုံးပွင့်ဆိုင်နယ်စပ်၌ ဖြစ်ပေါ်နေသော မိုးခေါင်မှုဘေးသည် နှစ်ပေါင်း ၂၀ ကြာကာလအတွင်း အဆိုးရွားဆုံး သဘာဝကပ်ဘေးဖြစ်ခဲ့ရပြီး လူ ၁၀ သန်းမျှအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

လက်ရှိ၌ ဆိုမာလီယာနိုင်ငံသား ၃ ဒသမ ၇ သန်းတို့မှာ အငတ်ဘေးနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

အင်တာနက်။

အာဖရိက ဦးချိုဒေသ ဆိုမာလီယာနိုင်ငံ၌ အငတ်ဘေးဆိုက်ရောက်မှုကြောင့် အာဟာရပြတ်လပ်မှု ဝေဒနာခံစားနေရသော လူမမယ် ကလေးတစ်ဦး၏ ခိုကိုးရာမဲ့အဖြစ်ကို ကြေကွဲဖွယ် တွေ့ရစဉ်။

အော့စလိုမြို့ လူသတ်ပွဲများ ကျူးလွန်ခဲ့ကြောင်း ယူဆရသူ အန်ဒါဘာရင်းဘရိုင်ဗစ်ခ်။

နော်ဝေနိုင်ငံ၌ ဗုံးပေါက်ကွဲမှုနှင့် သေနတ်သမားပစ်ခတ်မှုကြောင့် အနည်းဆုံး ၉၂ ဦးသေဆုံး

အော့စလို ဇူလိုင် ၂၃

နော်ဝေနိုင်ငံ အော့စလိုမြို့တော် မြို့လယ်၌ ဇူလိုင် ၂၂ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ခြင်းကြောင့် လူခုနစ်ဦး သေဆုံးခဲ့ရပြီး ယင်းနေ့တွင်ပင် အော့စလိုမြို့တော်အနီး ကျွန်းငယ်တစ်ကျွန်းပေါ်ရှိ နွေရာသီလူငယ်စခန်းတစ်ခုအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး အသွင်ယူထားသည့် သေနတ်သမားတစ်ဦး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၈၄ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အနည်းဆုံးလူ ၉၂ ဦး သေဆုံးခဲ့ရသော အဆိုပါတိုက်ခိုက်မှုနှစ်ရပ်သည် နော်ဝေနိုင်ငံအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုများဖြစ်ကြသည်။

သေနတ်သမားအဖြစ် ယူဆရသူ အန်ဒါဘာရင်း ဘရိုင်ဗစ်ခ်ဆိုသူ အသက်(၃၂)နှစ်အရွယ် နော်ဝေနိုင်ငံသားကို အော့စလိုမြို့တော် အနောက်မြောက်ဘက် ရေကန်တစ်ကန်အတွင်း တည်ရှိသော ယူတိုးယားအမည်ရှိ ကျွန်းငယ်ပေါ်၌ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့သည်။ မျက်မြင်သက်သေများ၏ အဆိုအရ အဆိုပါ သေနတ်သမားက ယူတိုးယားကျွန်းပေါ်၌ ပစ်ခတ်တိုက်ခိုက်စဉ် နွေရာသီလူငယ်စခန်းရှိ လူငယ်များသည် ကြောက်လန့်တကြား ပြေးလွှားခဲ့ကြရပြီး အသက်ဘေးမှ လွတ်မြောက်ရန် ရေထဲခုန်ချကြရသူများလည်းရှိကြောင်း သိရသည်။

အော့စလိုမြို့လယ် ဗုံးပေါက်ကွဲမှုနှင့် ယူတိုးယားကျွန်းပေါ်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကို သူရဲဘောကြောင်သည့် အကြမ်းဖက်လုပ်ရပ်များအဖြစ် ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းရှုတ်ချခဲ့ကြသည်။ ***အင်တာနက်။***

အမုန်းတရားအခြေခံ အစွန်းရောက်စိတ်ကြောင့် တုန်လှုပ်ဖွယ် တိုက်ခိုက်မှုကြီးနှစ်ရပ် နော်ဝေ၌ဖြစ်ပွား

နော်ဝေနိုင်ငံ၌ ဇူလိုင် ၂၂ ရက်က ထိတ်လန့်တုန်လှုပ်ဖွယ် တိုက်ခိုက်မှုကြီး နှစ်ရပ်ဖြစ်ပွားခဲ့ရာ ဥရောပတိုက်နှင့်တကွ ကမ္ဘာတစ်ဝန်းလုံး ပွက်လောရိုက်ခဲ့ရပြီး သေဆုံးခဲ့ရသူ ၉၀ ကျော်တို့ကို ကရုဏာသက်ခဲ့ကြရသည်။

ရက်စက်ကြမ်းကြုတ်လှသော တိုက်ခိုက်မှုများ၏ နောက်ကွယ် အကြောင်းတရားဖြစ်နိုင်ဖွယ်ရှိသည့် လက်ယာစွန်းရောက်ဝါဒကို တုံ့ပြန်ဆန့်ကျင်ရေးအတွက် တောင်းဆိုမှုများသည်လည်း သွေးစွန်းသောနေ့အလွန် ဇူလိုင် ၂၃ ရက်တွင် ဥရောပတိုက်တစ်လွှား၌ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ကြေကွဲဖွယ်ဖြစ်ရပ်

အော့စလိုမြို့တော် မြို့လယ်ရှိ နော်ဝေအစိုးရရုံးဌာနများ တည်ရှိရာနေရာ၌ အင်အားပြင်းထန်လှသော ဗုံးပေါက်ကွဲမှုကြီး တစ်ရပ်ဖြစ်ပွားခဲ့ပြီး မကြာမီမှာပင် လက်ရှိအာဏာရ လေဘာပါတီ၏ လူငယ်စခန်းတစ်ခု၌ သေနတ်သမားတစ်ဦး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း နော်ဝေနိုင်ငံအတွက် လူအသေအပျောက် အများဆုံးကြေကွဲဖွယ် ဖြစ်ရပ်ဆိုး ပေါ်ပေါက်ခဲ့ရသည်။

အဆိုပါတိုက်ခိုက်မှုနှစ်ရပ်လုံးကို လုပ်ဆောင်ခဲ့သူမှာ တစ်ဦးတည်းဖြစ်ပြီး အန်ဒါဘာရင်းဘရိုင်ဗစ်ခ်အမည်ရှိ အသက် (၃၂) နှစ်အရွယ် နော်ဝေနိုင်ငံသားတစ်ဦးဖြစ်သည်။ ဘရိုင်ဗစ်ခ်ကို နော်ဝေရဲတပ်ဖွဲ့က ရှေးရိုးစွဲဝါဒီ၊ အမျိုးသားရေးဝါဒီနှင့် လက်ယာစွန်းရောက်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။

သွေးလန့်ချောက်ချားဖွယ်တိုက်ခိုက်မှုများ၏ နောက်ခံအကြောင်းတရားအား ရှင်းရှင်းလင်းလင်း သရုပ်မခွဲနိုင်သေးသော်လည်း အမုန်းတရားကို အခြေခံ၍ ဖြစ်ပေါ်ရသည့် အဖြစ်ဆိုးများဟူ၍သာ ခေါ်ဆိုရလိမ့်မည်ဖြစ်ကြောင်း ဂျာမန်အဓိပတိ အင်ဂျလာမာကယ်လ်က ဘာလင်မြို့တော်တွင် ပြောကြားခဲ့သည်။

သူတစ်ပါးတို့အား မုန်းတီးစိတ်၊ အမြင်မတူအသွင်မတူသူများအား မုန်းတီးစိတ်တို့သည် ခေတ်သစ်လူ့အဖွဲ့အစည်းအတွက် ဘုံရန်သူပင်ဖြစ်ကြောင်း အင်ဂျလာမာကယ်လ်က မှတ်ချက်ချခဲ့သည်။ လွတ်လပ်မှု၊ အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ယုံကြည်သူများအဖို့ လက်ယာစွန်းရောက်ဝါဒအခြေခံ အမုန်းတရားများကို ရင်ဆိုင်ဖြေရှင်းသင့်ကြောင်း အင်ဂျလာမာကယ်လ်က ပြောကြားခဲ့သည်။

ရှုံးမိုက်မှု

အော့စလိုမြို့ အကြမ်းဖက်တိုက်ခိုက်မှုများသည် ဆင်ခြင်တုံတရားကင်းမဲ့သော ပုဂ္ဂိုလ်ရေးမုန်းတီးမှုကြောင့်လော၊ နိုင်ငံရေးအယူအဆကြောင့် ဖြစ်ရသည်လောဟူ၍ပင် အပြောရခက်လှသည့် ရှုံးမိုက်မှုသက်သက်သာဖြစ်ကြောင်း ပုပ်ရဟန်းမင်း ဘင်နီဒစ်(XVI)၏ နော်ဝေနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်က ဆိုသည်။

ဥရောပပါလီမန်ဥက္ကဋ္ဌ ဂျာဇေးဘက်ဇက်ခ်ကလည်း ယခုကဲ့သို့ လူငယ်များကို ပစ်မှတ်ထား၍ သတ်ဖြတ်ခဲ့ခြင်းကြောင့် ဥရောပတစ်တိုက်လုံး တုန်လှုပ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ မိမိတို့ချစ်သူ၊ ခင်သူများအား ဆုံးရှုံးခဲ့ရသော မိသားစုများအတွက် အဆိုပါတိုက်ခိုက်မှုများသည် စိတ်ကူးမျှပင် မယဉ်ဖူးသော ဖြစ်ရပ်ဆိုးများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ခရီးသွားလမ်းညွှန်စာအုပ်များ၌ နော်ဝေနိုင်ငံကို လူဦးရေ ၄ ဒသမ ၈ သန်းနေထိုင်ပြီး သဘာဝအလှများ ပေါကြွယ်ဝသော ကမ္ဘာဂြိုဟ်၏ အလှဆုံးနေရာတစ်နေရာအဖြစ် မကြာခဏ ဖော်ပြလေ့ရှိကြသည်။ သို့ရာတွင် ယူတိုးယားကျွန်း အဖြစ်ဆိုးသည် နော်ဝေနိုင်ငံ၌ အပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်ပေါ်နေခဲ့သည့် သင်္ကေတတစ်ရပ်ဖြစ်လာသည်။

ကြောက်မက်ဖွယ်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ဘရိုင်ဗစ်ခ်အား မည်သည့်အကြောင်းအချက်က လှုံ့ဆော်ခဲ့သည်ကို မည်သူမျှ အတိအကျမသိသေးကြောင်း၊ သို့ရာတွင် လူမျိုးခြားများ ဥရောပသို့ ဝင်ရောက်ကြီးစိုးမည့် အန္တရာယ်အား ဥရောပတိုက်ကို သတိပေးရေးအတွက် ၎င်းကိုယ်၎င်း နိမိတ်ပြ တမန်တစ်ဦးသဖွယ် ယူဆထားပုံရကြောင်း ဆွီဒင်အမျိုးသားကာကွယ်ရေးတက္ကသိုလ်မှ အကြမ်းဖက်ဝါဒ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

မည်သို့ဆိုစေ ငြိမ်းချမ်းလှသော ယူတိုးယားကျွန်းသုခဘုံလေးသည်ကား အမုန်းတရားအခြေခံအစွန်းရောက်စိတ်ကြောင့် ငရဲဘုံအဖြစ် ပြောင်းလဲခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

ယူတိုးယားကျွန်း၌ ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ဒဏ်ရာအနာတရ ရရှိသူများအားဆေးရုံသို့ပို့ဆောင်ရန် ပြင်ဆင်နေသည့်မြင်ကွင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ နေပြည်တော်ရှိ တောင်သူပညာပေးစံပြစိုက်ကွင်းကြီးများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၁၀၀ စိုက်ကွင်း အထူးအထွက်တိုးစပါးခင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေးကော်မတီနှင့် ဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများမှ လုပ်ငန်းရှင် ၂၁ ဦးတို့အား စိုက်ခင်းအတွင်း ၈၉ ရက်သက်တမ်းရှိသော စပါးခင်းများနှင့် သိပ္ပံနည်းကျပျိုးထောင်ထားသော ပျိုးပေါင်များကို ရှင်းလင်းပြသပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများအား အထူးအထွက်တိုး စပါးမျိုးစေ့၊ အထူးအထွက်တိုး နေကြာမျိုးစေ့များနှင့် အထူးအထွက်တိုး မျိုးစေ့များစမ်းသပ်စိုက်ပျိုးရန် နမူနာအဖြစ် ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တစ်ဧကပျမ်းမျှတန် ၆၀ အထက် ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုးစိုက်ခင်း ငါးဧက၊ နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ စက်မှုလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်းအတွင်းရှိ နှံးယူမျိုးစေ့ ကုမ္ပဏီက စပ်မျိုးသခွားမွှေး ၁၀ ဧကနှင့် စပ်မျိုးဖရဲ ၁၀ ဧကမျိုးထုတ်လုပ်မှုစိုက်ခင်း၊ နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနခြံရှိ စပ်မျိုးနေကြာထုတ်လုပ်မှုစိုက်ခင်းနှင့် ပြောင်းစပ်မျိုးများ မျိုးစေ့ထုတ်လုပ်ရေးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အထူးအထွက်တိုး စပါးမျိုးစေ့၊ အထူးအထွက်တိုး နေကြာမျိုးစေ့များနှင့် အထူးအထွက်တိုး မျိုးစေ့များကို စမ်းသပ်စိုက်ပျိုးရန် နမူနာအဖြစ် ပေးအပ်စဉ်။

(သတင်းစဉ်)

ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်ရှိ တံတားအမှတ်စဉ်(၄) မြို့ချောင်းတံတားဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်ရှိ တံတားအမှတ်စဉ်(၄) မြို့ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က မြို့ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မြို့ချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

မြို့ချောင်းတံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်ရက်မ၊ အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်(ယာဉ်+ကုန်)မှာ စုစုပေါင်း ၇၅ တန်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် မြို့ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ဒုတိယမြောက်လမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်၌ တည်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် လေးစင်းမြောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။ ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်စပါးနှင့် ဒေသထွက်ကုန်များကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မြို့ချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၂၃

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပရာ ဘဏ္ဍာရေးမှူး ဦးကြည်ဝင်းမှ အခမ်းအနားအကြောင်း ရှင်းလင်းပြောကြားပြီး နာယက၊ အမှုဆောင်နှင့် အသင်းဝင်များက စုပေါင်းလှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး အသင်းဝင် သက်ကြီး ၄၀ တို့အား ပူဇော်ကန်တော့ကြကာ တာဝန်ရှိသူများက ပညာရေးတက္ကသိုလ်မှ ပါရဂူဘွဲ့ရသူ ဒေါ်မိုးမိုးစိုးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မနှင်းချယ်ရီလွင် **(အောက်ပုံ)** တို့အား ဂုဏ်ပြုဆု ချီးမြှင့်သည်။

(ကြေးမုံ)

နိုင်ငံတကာ အနုပညာရပ်ဝန်း (အောဝမ်းစိုး)

ကိုရီးယားမင်းသား လီဗြောင်ဟွန်း ရုပ်ရှင်ရိုက်ရန် အမေရိကန်နိုင်ငံသို့ ထွက်ခွာ

ကိုရီးယားမင်းသား လီဗြောင်ဟွန်းသည် နာမည်ကျော် ဟောလိဝုဒ် ဇာတ်ကား G.I. Joe: The Rise of the Cobra ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကား ရိုက်ကူးရန် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

လီဗြောင်ဟွန်း**(ယာပုံ)**၏ အေဂျင်စီက ကြာသပတေးနေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားရာတွင် မင်းသားလီသည် အမေရိကန်နိုင်ငံ နယူးအော်လင်မြို့၌ ဩဂုတ် ၁၅ ရက်တွင် စတင်ရိုက်ကူးမည့် G.I. Joe: The Rise of the Cobra ဇာတ်ကား ရိုက်ကူးရာတွင် အဆင်သင့်ဖြစ်နေစေရန် အမေရိကန်နိုင်ငံသို့ ကြိုတင်ထွက်ခွာသွားပြီဟု ဆိုသည်။

အသက် (၄၁)နှစ် ရှိပြီဖြစ်သည့် လီဗြောင်ဟွန်းသည် ဤဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် ၎င်း၏ ပထမဆုံးရုပ်ရှင်ဇာတ်ကား Storm Shadow ဇာတ်ကားတွင် အောင်မြင်မှုများ ရရှိခဲ့သကဲ့သို့ ယခုဇာတ်ကားတွင်လည်း အောင်မြင်မှုရရှိရန် မျှော်လင့်ထားသည်။

G.I. Joe 2 ဟု လူအများသိကြသည့် ဤဇာတ်ကားကို ဒါရိုက်တာ ဂျွန်ချူက ရိုက်ကူးတင်ပြသွားမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အင်တာနက်။

စူပါဂျူနီယာ တေးဂီတအဖွဲ့ အယ်လ်ဘမ်သစ် ထွက်မည်

နာမည်ကျော် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ စူပါဂျူနီယာ၏ ပဥ္စမမြောက် တေးအယ်လ်ဘမ်သစ်ကို ဩဂုတ် ၃ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

စူပါဂျူနီယာဂီတအဖွဲ့သားအားလုံးက ဤပဥ္စမမြောက် တေးအယ်လ်ဘမ် ပရိသတ်များထံ ရောက်ရှိရန် အချိန်နီးကပ်လာလေလေ အားလုံးစိတ်လှုပ်ရှားကြရလေလေ ဖြစ်နေပြီး ကမ္ဘာတစ်ဝန်းရှိ စူပါဂျူနီယာ ပရိသတ်များကို ၎င်းတို့၏ သီချင်းသစ်များနှင့်အတူ ဖျော်ဖြေတင်ဆက်သွားရန် ဆန္ဒရှိကြောင်း ၎င်းအဖွဲ့၏ အေဂျင်စီက ဆက်လက်ပြောကြားသည်။

စူပါဂျူနီယာ ပေါ့ပ်တေးဂီတအဖွဲ့ **(အပေါ်ပုံ)**ကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကိုရီးယားပေါ့ပ်ဂီတအဖွဲ့များတွင် နာမည်ကျော် လူကြိုက်အများဆုံးအဖွဲ့ဖြစ်ခဲ့သည်။ ၎င်းအဖွဲ့၏ နာမည်ကျော် သီချင်းများဖြစ်သည့် Don't Don၊ Sorry Sorry နှင့် BONAMANA သီချင်းများမှာ တောင်ကိုရီးယားနိုင်ငံနှင့် အာရှဒေသ ဂီတဈေးကွက်တွင် အရောင်းရဆုံး ထိပ်တန်းစာရင်းဝင်ခဲ့သည်။

စူပါဂျူနီယာဂီတအဖွဲ့၏ တတိယအကြိမ် အာရှခရီးစဉ်တွင် ဆိုးလ်မြို့၊ ယိုကိုဟားမားမြို့၊ ပေကျင်းမြို့၊ ဗန်ကောက်မြို့၊ စင်ကာပူ၊ ကွာလာလမ်ပူမြို့နှင့် ဟိုချီမင်းမြို့တို့ အပါအဝင် အာရှမြို့ကြီး ၁၃ မြို့တွင် လှည့်လည်ဖျော်ဖြေခဲ့ပြီး မကြာသေးမီက ပြင်သစ်နိုင်ငံ ပါရီမြို့တွင်လည်း ဂီတဖျော်ဖြေပွဲ တစ်ခုတွင် သီဆိုဖျော်ဖြေခဲ့သည်။

အင်တာနက်။

သဘာဝလက်ဆောင်များတည်ရှိဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့

ဒေါက်တာဇော်မြင့်နီ

အယ်လဂိုးက သူ၏ဆောင်းပါးတစ်ပုဒ်တွင် ခုလို ရေးသားခဲ့ဖူးသည်။

ကမ္ဘာမြေကြီးအကြောင်းစဉ်းစားသောအခါ ကမ္ဘာမြေကို အခြေခံ၍ ကျွန်ုပ်တို့ရှူရှိုက်နေသော လေ၊ ကျွန်ုပ်တို့သောက်သုံးနေသောရေနှင့် ကျွန်ုပ်တို့စားသုံးနေသော အစားအစာများအကြောင်းကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအခါ ရေ၊ လေနှင့် အစာများသည် အလွန်အရေးပါသော အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပေပြီ။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၊ ကမ္ဘာ့သယံဇာတအဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ ပြုစုထုတ်ဝေသည့် “ကမ္ဘာမြေကာကွယ်ထိန်းသိမ်းရေးနှင့် အနာဂတ်လုံခြုံရေး” စာအုပ်တွင် “ယနေ့ကမ္ဘာတွင် လူသန်း ၈၀၀ ခန့်မှာ အာဟာရမပြည့်ဝခြင်း၊ လူသန်း ၁၃၀၀ ခန့်မှာ သန့်ရှင်းသောရေမရရှိခြင်း၊ လူသန်း ၁၄၀၀ ခန့်မှာ လေထုညစ်ညမ်းမှု အန္တရာယ်နှင့် ကြုံတွေ့နေရခြင်း” စသည့် ဒုက္ခများနှင့် ရင်ဆိုင်နေရသည်ဟု ဖော်ပြထားပေသည်။

သန့်ရှင်းသည့်လေ၊ သန့်ရှင်းသည့်ရေ၊ သန့်ရှင်းသည့်အစာတို့သည် ကမ္ဘာမြေ၏ သဘာဝလက်ဆောင်များပင်ဖြစ်သည်။ ထိုလေ၊ ထိုရေ၊ ထိုအစာများ နဂိုနေမပျက် ဆက်လက်တည်ရှိနေရန်မှာ သာမန်အရေးမဟုတ်တော့။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးအတွက် အသက်တမျှ အရေးကြီးနေပေပြီ။ ကမ္ဘာမြေ၏ သဘာဝလက်ဆောင်ကို အပြည့်အဝ လက်ခံရယူနိုင်ရန်မှာ ကုန်လွန်ခဲ့သော ရာစုနှစ်များကကဲ့သို့ လွယ်လွယ်ကူကူ မဖြစ်နိုင်တော့ပါ။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၆၀၀၀ ကျော်စလုံးက လက်ခံရယူနိုင်မည့် အရည်အချင်းရှိဖို့လိုအပ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် တန်ဖိုးထားမှု၊ နားလည်မှု၊ တာဝန်ယူမှုတို့ရှိကြရမည်။

ယနေ့ လူသားတို့ မျှဝေခံစားသုံးစွဲနေကြသော သဘာဝအလှ၊ တွင်းထွက်သယံဇာတများသည် အချိန်တိုအတွင်း ဖြစ်ပေါ်ခဲ့ကြခြင်း မဟုတ်ကြ။ နှစ်သန်းပေါင်းများစွာ အချိန်ယူပြီးမှသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအရာများမှာ တန်ဖိုးကြီးမားလှကြောင်း ကလေးငယ်တစ်ယောက်ပင် ခံစားနားလည်နိုင်ပေသည်။ သို့သော် ယင်းခံစားမှုသည် သာမန်ခံစားမှု သက်သက်ပင်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု မမည်။

ကျွန်ုပ်၏ အစောဆုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာမှာ မြေဆီလွှာတိုက်စားမှု ကာကွယ်တားဆီးရန် ကြီးမားသော အားထုတ်မှုများမှ စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ လယ်ယာမြေများ၏ အဓိက မှီခိုအားထားရာဖြစ်သော Top soil ခေါ် အပေါ်ယံမြေဆီလွှာများမှာ နှစ်စဉ်နှင့်အမျှ တန်နှင့်ချီ၍ တိုက်စားပြုန်းတီးမှု ခံနေရပေပြီ။ လယ်သမားအများစုအနေဖြင့်မူ မြေဆီလွှာပြုန်းတီးမှုကို စိုးရိမ်ရကောင်းမှန်း မသိကြချေ။ အီဂျစ်ပြည်၏ ရှေးမြို့ဟောင်းတစ်မြို့ဖြစ်သော ‘မင်ဖီ’ (ယခုအခါ ကိုင်ရိုမြို့၏ တောင်ဘက်)၌ တစ်နာရီတွင် သုံးဟက်တာနှုန်း မြေဆီလွှာ ပျက်စီးပြုန်းတီးခဲ့ဖူးပေသည်။

ကမ္ဘာ့ပတ်ဝန်းကျင်အကြောင်း ဖျတ်ခနဲ စဉ်းစားမိရုံနှင့်ပင် အလေးအနက် ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာဖြစ်ကြောင်း သဘောပေါက်မိသည်။ ကျွန်ုပ်တို့မိသားစုစကားဝိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ပြောဆိုဆွေးနွေးရမည့် စာအုပ်တစ်အုပ်ရှိသည်။ ရေချယ်ကာဆန်၏ ဂန္ထဝင်မြောက် စာအုပ် “ ဆိတ်သုဉ်းသွားသည့် နွေဦးတေးသံ ” (Silent spring) ဖြစ်သည်။ ထိုစာအုပ်တွင် ပတ်စတီဆိုက်ခေါ် ပိုးသတ်ဆေးများ အသုံးပြုမှုကြောင့် ငှက်ကလေးများသေဆုံးကြပုံကို သုတေသနပြု ရေးသားထားခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ်ခန့်က ပထမဦးဆုံးထွက်ပေါ်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ၏ အိပ်မောကျနေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အသိစိတ်ကို ထိုစာအုပ်က လှုပ်နှိုးလိုက်သကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့ ကမ္ဘာမြေသည် တန်ဖိုးကြီးမားလှသောကြောင့် “ အချည်းနှီးဖြုန်းတီးပစ်ရန်မသင့် ”ဟူသော အသိကို လူတိုင်းနားလည်စေရန် ထိုစာအုပ်က လမ်းညွှန်ပြခဲ့ပေသည်။

ယနေ့အခါ မြေကမ္ဘာပတ်ဝန်းကျင်တွင် အန္တရာယ်ကျရောက်နိုင်သည့် လက္ခဏာများမှာ ပီပြင်သည်ထက် ပီပြင်လာချေပြီ။ ကမ္ဘာ့နေရာများတွင် ဆင့်ကဲဆင့်ကဲ ရင်ဆိုင်နေကြရပြီ။ ကျွန်ုပ်တို့သည် ရာသီဥတုဖောက်ပြန်သော ကမ္ဘာ၊ သစ်တောပြုန်းတီးနေသောကမ္ဘာ၊ အိုဇုန်းလွှာပေါက်နေသောကမ္ဘာ၊ ရေညစ်ညမ်းမှု၊ လေညစ်ညမ်းမှု တစ်စတစ်စ ကြီးထွားလာသောကမ္ဘာတွင် နေထိုင်ကြရသည်။ ထိုပြဿနာများကို ဖြေရှင်းရန် နည်းလမ်းသစ်များ ရှာဖွေရေးသည် ကျွန်ုပ်တို့ကို စိန်ခေါ်လျက်ရှိပေသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်သဘာဝလောကကြီးအပေါ် တန်ဖိုးထားမှုနှင့် တာဝန်သိမှုကြောင့်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှဝေသုံးစွဲနေသော ကမ္ဘာမြေသယံဇာတများကို ပို၍ အလေးထားခြင်းဖြင့်သော်လည်းကောင်း အထက်ပါပြဿနာများဖြေရှင်းရန် နည်းလမ်းသစ် နည်းလမ်းကောင်းများ ရှာဖွေကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး လူသန်းပေါင်းများစွာ၏ ကူညီမှုများ၊ အကြံဉာဏ်များ၊ အင်အားများ ရရှိနိုင်ပေသည်။ ကောက်ပဲသီးနှံများ၊ ပန်းခြံနှင့်ရေကန်များ၊ မိသားစုများနှင့် အဖွဲ့အစည်းများ နေထိုင်နိုင်သည့် နေရာများစသည့် သဘာဝ၏ရိုးရှင်းသော အံ့ဩဖွယ်ရာများ၏ မူလဇာစ်မြစ်ကို သိနားလည်အောင် အသိပေးကြရပေမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ကြရမည်။ နိုင်ငံအလိုက်၊ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် ကိုယ့်ကဏ္ဍနှင့်ကိုယ် အားလုံးဆောင်ရွက်ကြရမည်။ “a universal crusade to save the planet ”ဟူသကဲ့သို့ အသွေးထဲ အသားထဲက နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရပေမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိ၊ နားလည်မှုနှင့် ဗဟုသုတရှိရန် အစဉ်သတိရှိရှိဖြင့် ဖြည့်ဆည်းနေကြရမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည် လူတိုင်း နားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်မှသာ ထိရောက်မည်။ အကျိုးကျေးဇူးများမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အပေါ် မှန်ကန်တိကျသော သဘောထားအမြင်များနှင့် သတိတရားရှိရှိ ဆောင်ရွက်တတ်အောင် လေ့ကျင့်ကြရမည်။ သင်ကြားကြရမည်။

သို့မှသာ သဘာဝလက်ဆောင်မွန်များကို ကျွန်ုပ်တို့အားလုံးအတွက် သာမက နောင်လာမည့် မျိုးဆက်သစ်များအတွက်ပါ လက်ဆင့်ကမ်း သယ်ဆောင်နိုင်မည်ဖြစ်သည်။

အယ်လဂိုး၏စာကို အတွေးပွားရင်း ပါမောက္ခ ဦးအောင်မြိုင်၏ “wisdom society က လိုအပ်တာ မှန်ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေက knowledge society ဖြစ်ဖို့က ပိုလိုအပ်တယ်။ လူတိုင်းလူတိုင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံသဘောတရားတွေကို သိရှိနားလည်ထားဖို့၊ လိုက်နာကျင့်သုံးဖို့ လိုအပ်နေပြီ”ဟူသော စကားတချို့ကို သတိရမိသည်။

မိမိတို့သည် သဘာဝပတ်ဝန်းကျင် နဂိုနေမပျက်ရေး တစ်နိုင်တစ်ပိုင်ကာကွယ်စောင့်ရှောက်နိုင်ရန် ကမ္ဘာမြေဆိုင်ရာ အသိပညာများကို အချိန်မီသိမှီး၊ အချိန်မီဖြည့်ဆည်းထားပြီး အချိန်မီဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

“ကမ္ဘာမြေ၏ ဖွဲ့စည်းပုံစနစ်များ၏ ပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို နားလည်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပြဿနာများ ဖြေရှင်းရာတွင် အရေးပါလှသည်”ဟူသော အခြေခံသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အယူအဆတစ်ခုရှိသည်။

ကမ္ဘာမြေ၏ ဖွဲ့စည်းပုံစနစ်ကို လေ့လာလျှင် လေထု၊ ရေထု၊ မြေထုနှင့် ဇီဝထုဟူသော အပိုင်းလေးပိုင်း ပါဝင်ကြောင်း တွေ့ရမည်။ ယင်းအပိုင်း အသီးသီး အချင်းချင်း အပြန်အလှန် ချိတ်ဆက်ပြောင်းလဲနေခြင်းများကြောင့် ယနေ့ကမ္ဘာမြေမျက်နှာပြင်အနေအထားများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အပိုင်းတစ်ပိုင်း၏ ဖြစ်စဉ်ပြောင်းလဲမှုတိုင်းသည် အခြားအပိုင်းများအပေါ် အစဉ်အကျိုးသက်ရောက်နေမည် ဖြစ်သည်။

မြေပြန့်လွင်ပြင်တစ်ခုတွင် တောင်တန်းတစ်ခု ပေါ်ပေါက်လာရသည် ဆိုပါစို့။ ပတ်ဝန်းကျင်တွင် မည်သို့ ပြောင်းလဲလာနိုင်သနည်း။ ပထမဦးစွာ လေထုအပေါ် အကျိုးသက်ရောက်မည်။ အထူးသဖြင့် မိုးရွာသွန်းမှု ပုံသဏ္ဍာန်များ ပြောင်းလဲလာဦးမည်။ ထိုအခါ ဒေသတွင် ရေထုကို အကျိုးသက်ရောက်စေသည်။ ထိုရေသည် တိုက်စားခြင်း၊ ပို့ချခြင်းနှင့်အနည်ထိုင်ခြင်းတို့ကို ဖြစ်ပေါ်စေဦးမည်။ ဇီဝမျိုးနွယ်စုံသည် ထိုရေကိုပင် အမှီပြုကာ ရှင်သန်ဖွံ့ဖြိုးကြရလေသည်။ မြေ၊ လေ၊ ရေနှင့် ဇီဝမျိုးနွယ်စုံတို့သည် ဤသို့ အချင်းချင်း အပြန်အလှန် ဆက်စပ်နေကြသည်။

သဘာဝဖွဲ့စည်းပုံစနစ်များအတွင်း ပြောင်းလဲခြင်းများကို စောင့်ကြည့်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပြဿနာများကို ကြိုတင်ခန့်မှန်းနိုင်သည်။ ဖြေရှင်းနိုင်သည်။ သဘာဝတွင် ပြောင်းလဲမှုပုံစံအမျိုးမျိုး တွေ့နိုင်သည်။

နွေရာသီ၌ ရေတွင်း၊ ရေကန်နှင့် အဝီစိတွင်းများ ရေရှားပါးရခြင်းမှာ မိုးရွာသွန်းမှုနည်းပါးခြင်း၊ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ ထိုအခါ မြေအောက်ရေအောင်းလွှာ နိမ့်ကျခြင်း၊ ကုန်ခန်းခြင်းပြဿနာနှင့် ရင်ဆိုင်လာကြရတော့သည်။

ရေ၊ လေညစ်ညမ်းခြင်းများ၊ လမ်းပေါ် ရေလျှံခြင်းများသည် အဝင်အထွက် မမျှတမှုကြောင့် ဖြစ်ပေါ်လာသော ပြောင်းလဲမှုပုံစံများသာဖြစ်သည်။ အဝင်က အထွက်ထက်များနေခြင်းပင်။ မိုးရာသီမြစ်ရေချောင်းရေများ ရွံ့နှစ်ရောင်ဖြစ်နေရခြင်းသည် မြေဆီလွှာများ မြစ်ရေ ချောင်းရေထဲ ပျော်ဝင်စီးဆင်းနေ၍ဖြစ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံစနစ်များအတွင်းရှိ ပြောင်းလဲခြင်းများကို စောင့်ကြည့်နားလည်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပြဿနာများ လေ့လာရာတွင် အခြေခံကျလှသည်ဟု ပညာရှင်တို့က ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

ဥပမာ - ခြင်များ ပေါများလာခြင်းသည် ယခုအခါ ပတ်ဝန်းကျင်ပြဿနာ ဖြစ်နေသည်။ ဇီဝမျိုးနွယ်စုံ တိုးပွားလာခြင်း၊ ယုတ်လျော့သွားခြင်း၊ မျိုးသုဉ်းသွားခြင်းများသည် ပြောင်းလဲခြင်းများပင်ဖြစ်သည်။ ပြောင်းလဲရခြင်း၏ အကြောင်းရင်းခံများရှိသည်။ ထိုအကြောင်းများကို ရှာဖွေတွေ့ရှိခြင်းသည် ပြဿနာ၏အဖြေကို တွေ့ရှိခြင်းပင်ဖြစ်သည်။

တစ်နှစ်ထက်တစ်နှစ် လူဦးရေများပြားလာခြင်းသည်လည်း ခြင်များရခြင်း၏ အကြောင်းရင်းတစ်ခုပင် ဖြစ်လေသည်။ လူဦးရေများလာလေလေ ချိုးရေ သုံးရေ များလာလေလေပင် မဟုတ်ပါလား။

ခြင်ဆေးဖျန်းခြင်းဖြင့် ခြင်လျော့နည်းအောင်ပြုလုပ်ခြင်းသည် ယာယီဖြေရှင်းနည်း တစ်ခုသာဖြစ်သည်။ ပင်မဆောင်ရွက်ရမည့်အလုပ်မှာ ရှိခဲ့သော၊ ကောနေသော၊ ပျောက်ဆုံးသွားသော ရေနုတ်မြောင်းစနစ် ပြန်လည်ဖွံ့ဖြိုးရေးဖြစ်သည်။ တစ်ဦး တစ်ယောက်တည်းနှင့် လုပ်နိုင်သောအလုပ်မျိုး မဟုတ်ချေ။

၁၉၅၀ ပြည့်နှစ်များက ဂျပန်နိုင်ငံ မီနာမာတာ တံငါရွာကလေးတွင် ရွာသူ၊ ရွာသားအများစုသည် အာရုံကြောဆိုင်ရာရောဂါများ၊ ထုံကျဉ်ခြင်းများနှင့်သေဆုံးမှုများကို ထူးခြားစွာ ရင်ဆိုင်ကြရသည်။ နဂိုက သည်တံငါရွာကလေး၏ ဘဝနေဟန်က အေးအေးချမ်းချမ်းပင်။ ရွာကလေးက ပင်လယ်အော်ရဲ့ထိပ်မှာ တည်ရှိသည်။ မီနာမာတာရွာကလေးနှင့် အနီးပတ်ဝန်းကျင်ရှိ လူများက ထိုပင်လယ်ကြီးကို အမှီပြုပြီး အသက်ရှင်နေထိုင်ကြရသည်။ သည်ရေသောက်၊ သည်ငါးစားပြီး သည်ပတ်ဝန်းကျင်မှာ အေးချမ်းစွာ နေထိုင်ခဲ့ရာမှ ကြေကွဲဖွယ်အဖြစ်ဆိုးများနှင့် ရင်ဆိုင်လာကြရသည်။

အကြောင်းရင်းမှာ မီနာမာတာရွာထိပ်ရှိ “ဓာတုစက်ရုံတစ်ခုက ပြဒါးအောက်ဆိုက်ရည်များကို ရွာကလေးဘေးရှိ ပင်လယ်အော်ထဲသို့ စွန့်ပစ်ခဲ့ကြသည်။ ပြဒါးများသည် ရေများ၊ ငါးများ၊ ပင်လယ်အစားအစာများထဲ ပျံ့နှံ့ကာ ထိုမှတစ်ဆင့် လူများထံသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ ဤသို့ဖြင့် ပြဒါးဆိပ်သင့်ကာ သဘာဝပတ်ဝန်းကျင် အခြေပြု ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာရသည်။

ဤပြဿနာသည် ပင်လယ်အော်ထဲသို့ ပြဒါးရည်ပါသောအမှိုက်များ တဖြည်းဖြည်းစုပုံလာပြီး ပင်လယ်ညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း သိရသောအခါ ဓာတုစက်ရုံကို ပိတ်ပစ်လိုက်ခြင်းဖြင့် ပြဿနာ၏ရင်းမြစ်ကို ရှင်းထုတ်လိုက်လေသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ပြဿနာများသည် ကျိုးကြောင်းဆက်စပ်ပြီး ဖြစ်ပေါ်လာကြရခြင်းဖြစ်ရာ ယင်းတို့၏ ပြောင်းလဲခြင်းများကို သေချာစွာ စောင့်ကြည့်ပါက ပြဿနာ၏အဖြေကို တွေ့ရမြဲဖြစ်ပေသည်။ သို့သော် အဖြေကိုတွေ့ခြင်းသည် ပြဿနာကို ဖြေရှင်းရန် လမ်းစတွေ့ရုံသာ ရှိသေးသည်။ ယနေ့ကမ္ဘာတွင် အဖြေရှိပြီး မရှင်းနိုင်သေးသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ရှိနေသည်။

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ပြဿနာတစ်ခုကို အမြစ်ပြတ်အောင် ဖြေရှင်းရန်မှာ ထင်သလောက် မလွယ်ကူချေ။ ပညာလည်းရှိရဦးမည်။ ကိုယ်ချင်းစာနာစိတ်လည်းရှိရဦးမည်။ ပြီးလျှင် တာဝန်ရှိသူရော ကမ္ဘာသူကမ္ဘာသားများပါ သူ့စည်း ကိုယ့်စည်း သူ့ဝန် ကိုယ့်တာ ကျေပွန်ကြရဦးမည်။ ဤသို့ဆိုလျှင် ပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းနိုင်မည်သာ ဖြစ်ပါတော့သည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ” တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆း၃၅ ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၇၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၁၆)**
- ၈း၅၀ ရောဝတီနှင့်ပန်းတင့်သည့် ဆောက်လုပ်ရေး၏စွမ်းအား ဂုဏ်ရည်. . . ရောဝတီတံတား(ညောင်တုန်း)
- ၉း၁၀ (ET Foundation) မျက်စိအခမဲ့ ခွဲစိတ်ကုဆေးရုံကြီးလှူဒါန်းပွဲ
- ၉း၃၀ Sunday Talk (သစ္စာနီ၊ မျိုးမြတ်သူ)
- ၁၀း၀၀ ရွှေလက်ကမ်းလို့ကြိုနေမည့် စလင်းမြေ
- ၁၀း၂၀ Activities In The City
- ၁၀း၄၀ ဗီဒီယိုပြခန်း
- ၁၁း၀၀ ရခိုင်ပြည်နယ်မြေမှာရုံမှ အလှူတော်မင်္ဂလာ
- ၁၁း၂၅ ကျီးပေါင်းရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၁၁း၄၅ ဝိတိုရိယအထွေထွေရောဂါကု ဆေးရုံသစ်ကြီးဖွင့်ပွဲအခမ်းအနား
- ၁၂း၃၀ “ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ” တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၁း၃၀ ပထမအကြိမ်ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၁၁ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၁၆)**
- ၅း၂၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၇၅)**
- ၇း၂၀ သွားမယ်စားမယ်
- ၇း၄၀ ခနောက်ဖြူမြို့နယ် သပြုကျေးရွာမှ ကျောင်းဆောင်သစ်လွှဲအပ်ပွဲနှင့် ၂၀၁၀-၁၁ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများဂုဏ်ပြုပွဲအခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၁၇)**
- ၁၀း၃၀ 14th FINA WORLD CHAMPIONSHIPS-SHANGHAI 2011
- ၁၁း၃၀ ဟိုတယ်လမ်းညွှန်
- ၁၁း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၁၂း၀၀ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၁၂း၁၅ ရွှေမန္တလေးမှ ရွှေပန်းထိမ်
- ၁၂း၂၅ အောင်မြင်သူတို့ဘဝ
- ၁၂း၅၀ လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
- ၁း၀၀ ကံပေါက်ဒေသမှလေ့လာစရာများ
- ၁း၂၀ Colorful System of River
- ၂း၀၅ ဖန်တီးသူနှင့်အနုပညာ
- ၂း၃၅ သူဌေးကျွန်းနှင့် Ecotourism
- ၃း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၃း၂၅ စွဲမက်ဖွယ်ရာရတနာ
- ၃း၅၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၄း၁၀ ယုံကြည်စိတ်ချ သူတို့ဘဝ
- ၄း၃၅ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✤ ကျောဖုံးမှ

မြန်မာလူမျိုးများသည် မြောက်ဘက် တိဗက်ကုန်းမြင့်ဒေသကဆင်းသက်လာသည့် မွန်ဂိုလွိုက် မျိုးနွယ်စုက ဆင်းသက်ခဲ့သည်ဟု ယခင်ကသတ်မှတ်ခဲ့ကြသော်လည်း ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့အစည်းများ၏ ပူးပေါင်းရှာဖွေဖော်ထုတ်ချက်အရ ပုံတောင်ပုံညာဒေသ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်များတွင် အဆင့်မြင့်လူတူပရိုင်းမိတ်ရုပ်ကြွင်းများ စတင်တွေ့ရှိခဲ့ပြီး နိုင်ငံတကာရှိ အဖွဲ့အစည်းများက ခေတ်မီနည်းစနစ်များဖြင့် စစ်ဆေးခဲ့ရာ ရှေးနှစ်ပေါင်း သန်း ၄၀ က လူတူပရိုင်းမိတ်ရုပ်ကြွင်းများအဖြစ် သိရှိခဲ့ရကြောင်း၊ ထိုပရိုင်းမိတ်များသည် အာဖရိကဒေသတွင် တွေ့ရှိရသည့် နှစ်သန်း ၃၃ နှစ် သက်တမ်းရှိ ပရိုင်းမိတ်ရုပ်ကြွင်းများထက် သက်တမ်းပိုမိုစောသည့်အတွက် "ကမ္ဘာ့လူသားအစ မြန်မာက"ဟု ကမ္ဘာကပင်အသိအမှတ်ပြုလက်ခံခဲ့ကြကြောင်း။

အဆိုပါ တွေ့ရှိချက်များအရ မြန်မာလူမျိုးများသည် မိမိတို့၏ မြန်မာနိုင်ငံ လက်ရှိဒေသတွင် စတင်ဖြစ်တည်ခဲ့သဖြင့် မြန်မာတို့၏ ဇာတိဂုဏ်သည် ပိုမိုမြင့်မားလာခဲ့ရကြောင်း၊ ဤဒေသတွင် ဖြစ်တည်ခဲ့သည့် မြန်မာလူမျိုးများသည် ကျောက်ခေတ်၊ ကြေးခေတ်၊သံခေတ်၊ မြို့ပြခေတ်စသည့် ခေတ်အသီးသီးကို ဖြတ်သန်းခဲ့ပြီးနောက် အေဒီ ၁၀၄၄ တွင် အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို ပုဂံဒေသတွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ထိုသို့တည်ထောင်ခဲ့ရာမှ ကြွင်းကျန်ရစ်သော **ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံတော်က ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ ထိန်းသိမ်းထားသကဲ့သို့ ဒေသခံပြည်သူများကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း။**

ပုဂံဒေသတွင် ရှေးအဆိုအရ စေတီ၊ ပုထိုး၊ ဂူဘုရားပေါင်း ၄၄၄၆ ဆူ တည်ထားကိုးကွယ်ခဲ့ရာ မြန်မာလူမျိုးများအတွက်

ညောင်ဦးခရိုင် ပုဂံရှေးဟောင်း ယဉ် ကျေး မှု နယ်မြေရှိ ပုဂံ ရှေးဟောင်း သုတေသနပြတိုက် အစည်းအဝေး ခန်းမ၌ ကျင်းပသည့် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

တန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သကဲ့သို့ တစ်ဖက်ကလည်း မိမိတို့လူမျိုးများ ယုံကြည်ကိုးကွယ်သည့် စေတီ၊ ပုထိုးများ တစုတဝေးတည်း ထုနှင့်ထည်နှင့် စုစည်းတွေ့ရှိနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ပုဂံဒေသရှိ စေတီ၊ ပုထိုး၊ ဂူဘုရားများ၊ ယင်းတို့တွင်တန်ဆာဆင်ထားသည့် အင်္ဂတေပန်းလက်ရာများအပါအဝင် ပန်း ၁၀ မျိုးအနုပညာလက်ရာများ၊ စဉ့်ကွင်း၊ စဉ့်ချပ်အနုပညာလက်ရာများ၊ စေတီ၊ ပုထိုးများအတွင်း ရေးထိုးထားသည့် နံရံပန်းချီ၊ မင်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာစသည့် ရှေးဟောင်းစာပေအရေးအသားများကို ကြည့်ခြင်းအားဖြင့် မြန်မာတို့၏ဗိသုကာအတတ်ပညာနှင့် အနုလက်ရာအဆင့်အတန်း မြင့်မားမှုကို ကမ္ဘာကပင် အသိအမှတ်ပြုကြရကြောင်း၊ ထို့ပြင် တူးဖော်တွေ့ရှိခဲ့သည့် ပန်းတိမ်၊ ပန်းတဉ်းလက်ရာများသည်လည်း အလွန်အဆင့်မြင့်မားခဲ့ကြောင်း။

ပြုပြင်ထိန်းသိမ်း

ပထမမြန်မာနိုင်ငံတော်ခေတ်ကတည်းက တည်ထားခဲ့သည့် အလွန်အဆင့်အတန်းမြင့်မားသည့် ရှေးဟောင်းအမွေအနှစ်များကို ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်ခေတ်များတွင်လည်း မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ စေတနာရှင်ပြည်သူများက အစဉ်အဆက်ပြုပြင်ထိန်းသိမ်းလာခဲ့ကြရာ မိမိတို့၏ဘိုးဘေးဘီဘင်များက တန်ဖိုးထား၍ အဆင့်ဆင့်ထိန်းသိမ်းခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းလာခဲ့ကြပြီးနောက် ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် အစိုးရများကလည်း ထပ်ဆင့်ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြကြောင်း၊ **၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရှေးဟောင်းအမွေအနှစ်များနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ပျောက်ပျက်မသွားစေရန် နိုင်ငံတော်၏ကျခံ သုံးစွဲငွေအပြင် ပြည်သူလူထုထံမှ လှူဒါန်းငွေများကိုပါလက်ခံ၍ နိုင်ငံတော်နှင့်ပြည်သူအားနှစ်အားဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ကြကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မူဝါဒ တိကျခိုင်မာမှုနှင့် ဆင်ခြင်တွေးခေါ်မှု ပြည့်ဝစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။**

ရှေးမူမပျက်

တိုင်းတစ်ပါးလူမျိုးခြားများနှင့် မိမိတို့ မြန်မာလူမျိုးများ၏ တွေးခေါ်ခံယူချက်နှင့် ဆင်ခြင်သုံးသပ်ချက် ကွာခြားမှုမှာ ပုဂံမြို့နှင့်ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များသည် တိုင်းတစ်ပါးလူမျိုးခြားများအတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သက်သက်သာဖြစ်သော်လည်း မြန်မာတို့အတွက်မှာမူ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရုံသာမက ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ အထွတ်အမြတ်ထားရာလည်းဖြစ်ကြောင်း၊ တိုင်းတစ်ပါးလူမျိုးခြားများ၏ အမြင်တွင် ရှေးဟောင်းဘုရား၊ ပုထိုးများပြုပြင်ပါက ရှေးဟောင်းတန်ဖိုးကျဆင်းသည်ဟု ဆိုကြသော်လည်း မိမိတို့အနေဖြင့်မူ မပြုပြင်၍ပျက်စီးပျောက်ပျက်သွားပါက မိမိတို့လူမျိုးများ၏ ကိုးကွယ်မှုပါ ပျောက်ဆုံးသွားနိုင်သည်အထိ ဆုံးရှုံးသွားရမည်ကို ၎င်းတို့အနေဖြင့် ထည့်သွင်းသုံးသပ်မှု မရှိကြပါကြောင်း၊ သို့ဖြစ်၍ ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုးများကို ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းခြင်းအပြင် ဘာသာတရား၏ အထွတ်အမြတ်ထားရာအဖြစ် တန်ဖိုးထားကာ ရှေးမူမပျက် ပြုပြင်တည်ဆောက်ခြင်းကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ယင်းကဲ့သို့ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာ၌ အသုံးပြုလျက်ရှိသော ခေတ်မီဗိသုကာနည်းပညာများကို တတ်မြောက် ကျွမ်းကျင်သည့်၊ ဗိသုကာပညာနှင့် ပတ်သက်၍ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ပြည်ပတွင် နှစ်တိုနှစ်ရှည် သင်တန်း တက်ရောက်အောင်မြင်ခဲ့ကြသည့် မြန်မာကျွမ်းကျင်အင်ဂျင်နီယာများအား တာဝန်ပေး၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်စေခဲ့ကြောင်း၊ **အုတ်ပုံအဖြစ် ပြိုလဲနေသည့် ရှေးဟောင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရာတွင် မူလစေတီ၊ ပုထိုး၏ လက်ရှိအနေအထားကို ယခုထက်ပိုမိုပျက်စီးပျောက်ပျက်မသွားအောင် ကြံ့ခိုင်ထိန်းသိမ်းမှုပြုလုပ်ထားရှိပြီး ယင်း၏ ဘေး၌ ယင်းနှင့် ပုံစံတူ မူလစေတီ၏ ရှေးပန္နက်ပုံစံနှင့် အညီ ရှေးမူမပျက် ပြန်လည်ပြုပြင် ထိန်းသိမ်းမှုကို ခေတ်မီနည်းပညာဖြင့် တွက်ချက်ဖော်ထုတ် ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊**ထိုသို့ Structure ကိုပြုပြင်ထိန်းသိမ်းသကဲ့သို့ ဘုရား၊ ကျောင်း၊ ကန်၊ ဂူများ၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းတို့တွင် တန်ဆာဆင်မွမ်းမံရေးဆွဲထားသည့် ပန်းချီ၊ ပန်းပု၊ ပန်းတမော့၊ ပန်းတော့၊ အင်္ဂတေပန်းစသည့် အနုပညာလက်ရာများကိုလည်း ခေတ်မီနည်းစနစ်များသုံး၍ သိပ္ပံနည်းကျ ပြုပြင်ထိန်းသိမ်းခဲ့ပါကြောင်း။

ဆောင်ရွက်ပြီးဖြစ်

ထိုသို့ ထိန်းသိမ်းတည်ဆောက်မှုလုပ်ငန်းများကို UNDP၊ UNESCO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ Structural Conservation၊ အီတလီနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဗဟိုဌာန (ICCROM)၊ ဂျပန်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းမှုသင်တန်းများ တက်ရောက်အောင်မြင်ခဲ့သည့် ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံဒေသတွင် မြင်ကပါဂူပြောက်ကြီး၊ အပယ်ရတနာ၊ လောကထိပ်ပန်ဘုရားများအပါအဝင် ဘုရား ၁၂ ဆူတို့တွင် ရှိသည့် နံရံဆေးရေးပန်းချီများအား ကြေးချွတ်ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဘုရား ၉၃ ဆူ၏ အင်္ဂတေပန်းလက်ရာများ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ကိုင်းတိလောက ဂုရု၊ မြင်ကွန်း၊ ကျွန်းတော်၊ ဆားလည်၊ စလေ၊ ပုခန်းကြီး၊ ပုခန်းငယ်ဒေသများရှိ ပုဂံခေတ်နှင့် အင်းဝခေတ် ဘုရား ၉၄ ဆူကိုလည်း နံရံဆေးရေးပန်းချီများနှင့် အင်္ဂတေပန်းများကို ဓာတုဗေဒဆေးဝါးများဖြင့် စနစ်တကျ သိပ္ပံနည်းကျ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း။

ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ၊ မြေပေါ်မြေအောက်ရှိ စေတီ၊ ပုထိုး၊ အဆောက်အအုံများကို စနစ်တကျ ပုံဆွဲ၊ ဓာတ်ပုံရိုက်ပြီး အသေးစိတ်အချက်အလက်များ ပြုစုခြင်းကို ၁၉၈၄ ခုနှစ်မှစတင်ပြီး UNESCO မှ ပညာရှင် မစ္စတာပီးရားပစ်ချပ် ဦးစီးကာ ဌာနမှဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့၍ ၁၉၉၆ ခုနှစ်တွင် Inventory of Monuments of Bagan စာအုပ် အတွဲ(၈)တွဲကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ ၎င်းအပြင် ပုဂံဒေသရှိ ပန္နက်ပုံ၊ Structure ဆွဲပုံနှင့်တကွ စေတီ၊ ပုထိုး၊ ဂူဘုရားပေါင်း ၂၂၃၀ ကို မှတ်တမ်းများ အသေးစိတ် ပြုစုထိန်းသိမ်းထားပြီးဖြစ်ကြောင်း၊ အလားတူ ပုဂံဘုရား ၇၇ ဆူတွင်ရှိသည့် နံရံဆေးရေးပန်းချီနှင့်ပတ်သက်၍ ရေရှည်မှတ်တမ်းတည်ရှိစေရန် Digital Format ဖြင့် ထိန်းသိမ်းထားရှိပြီးဖြစ်သကဲ့သို့ အခြားတစ်ဖက်ကလည်း UNESCO အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်ရန် ကျန်ဘုရား၊ ပုထိုးများ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အမွေအနှစ်စာရင်း

မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိသည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (World Heritage List) တွင် ပါဝင်အောင် UNESCO နှင့် ပူးပေါင်းဆောင်ရွက်နေသည်မှာ ယခုလအတွင်း နောက်ဆုံး Application တင်ရန် အဆင့်သာ ကျန်တော့ကြောင်း၊ Application တင်ပြီးပါက UNESCO ၏ Process များသာ ကျန်တော့မည်ဖြစ်ကြောင်း၊ UNESCO ၏ Process ပြီးပါက သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်လာတော့မည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရာတွင် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ရသည်များကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပူးပေါင်းဆောင်ရွက်၍ မရသည်များကို နိုင်ငံတကာ ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူမပျက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်လျက်ရှိ

ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမွမ်းမံမှုလုပ်ငန်းများကို ပုဂံဒေသအပြင် ရှေးဟောင်းအမွေအနှစ်များတည်ရှိသည့် အင်းဝ၊ မန္တလေး၊ ရွှေဘို၊ ပဲခူး၊ မြောက်ဦး၊ ရှမ်း၊ ကရင်ပြည်နယ်တို့တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်ရည်မှန်းချက်အနေဖြင့် အင်းဝခေတ်သည် မြန်မာ့ယဉ်ကျေးမှုအပိုင်းတွင် စာပေယဉ်ကျေးမှု အထွန်းကားဆုံးဖြစ်သည့်အတွက် အင်းဝမြို့ဟောင်း၏ မြို့ရိုး၊ ကျုံးမှစ၍ သစ်လုံးခံတပ်များအထိ ပြန်လည်ထိန်းသိမ်းဖော်ထုတ်ရေးလုပ်ငန်းများ စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း၊ ပုဂံဒေသ၏ ဗိသုကာအနုပညာလက်ရာ အကြွယ်ဝဆုံးဖြစ်သည့် အာနန္ဒာဘုရားအား ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လာမည့်နိုဝင်ဘာလမှစတင်၍ အိန္ဒိယနိုင်ငံ Archaeological Survey of India မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်ကိုက်ညီသည့် မည်သည့်နိုင်ငံ၊ မည်သည့် အဖွဲ့အစည်း၊ မည်သည့် ပုဂ္ဂိုလ်နှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

ပုဂံဒေသတွင် စာရင်းအရ ရှေးဟောင်းဘုရားစေတီ ၃၁၂၂ ဆူရှိပြီး ပြုပြင်ရန် မလိုအပ်သည့် ဘုရား ၁၂၂ ဆူ၊ ပြုပြင်ရန်လိုအပ်သည့်ဘုရားအဆူ ၃၀၀၀ ရှိရာ ယနေ့အထိ နိုင်ငံတော်နှင့်ပြည်သူတို့ ပူးပေါင်း၍ ပြုပြင်ပြီးဘုရား ၂၄၀၃ ဆူ၊ ပုံမှန်ထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုသည့် ဘုရား ၅၃၄ ဆူနှင့် ဆက်လက်ပြုပြင်ရန် ဘုရား ၆၃ ဆူဖြစ်ကြောင်း၊ **ထိုပြုပြင်ရန်ကျန်ဘုရားများကို ဝန်ကြီးဌာနအနေဖြင့် ပြည်သူသို့ အသိပေးနှိုးဆော်ခဲ့ရာ ယခုအခါ ဘုရား ၆၃ ဆူစလုံး အလှူရှင်ရရှိပြီးဖြစ်ကြောင်း၊ ပြုပြင်ရန် ကုန်ကျမည့်ငွေမှာ ငွေကျပ် ၇၂၉၄ သိန်း ဖြစ်ပြီး ယနေ့အထိ အလှူရှင်များထံမှ အလှူငွေကျပ် ၄၅၈၄ သိန်း စတင်ရရှိပြီးဖြစ်ကြောင်း။**

ပူးပေါင်းဆောင်ရွက်

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဒီပလိုမာဘွဲ့ရရှိပြီး ကျွမ်းကျင်အင်ဂျင်နီယာများ အနီးကပ်ကြီးကြပ်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့လူမျိုး၏ ရှေးဟောင်းအမွေအနှစ်နှင့် ကိုးကွယ်ရာ၊ အထွတ်အမြတ်ထားရာ စေတီ၊ ပုထိုးများထိန်းသိမ်းရေးကို တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပုဂံသည် မြန်မာနိုင်ငံ၏ အဓိကခရီးသွားမြို့တော်ဖြစ်သည့်အတွက်လည်း ဒေသခံပြည်သူများအနေဖြင့် ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းများစသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စီးပွားရေး၊ လူမှုရေး၊ အဆင့်အတန်းများ ပိုမိုမြင့်မားလာသည်ကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခုနိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စီမံချက်(၈)ခု ချမှတ်ဆောင်ရွက်ရာတွင် ပုဂံဒေသ၌ လုပ်ကိုင်ဖြစ်ထွန်းနေသည့် ယွန်းထည်လုပ်ငန်း၊ ပန်းချီ၊ ပန်းပု၊ ကျောက်ဆစ်လက်ရာ အင်္ဂတေပန်းလက်ရာလုပ်ငန်းများ စသည့် အသေးစား၊ အလတ်စား အိမ်တွင်းလက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရေး စီမံချက်(၁)ခုလည်း ပါဝင်ကြောင်း၊ ထိုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနများကပါ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့၍ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ အချက်အလက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအခြေအနေ၊ နိုင်ငံတကာမှ ရှေးဟောင်းသုတေသနပညာရှင်များက နှစ်စဉ်ရှေးဟောင်းသုတေသနပညာရပ်များ လာရောက်သင်ကြားပို့ချ ပူးပေါင်းဆောင်ရွက်မှု၊ ဗိသုကာလက်ရာ ထူးခြားကောင်းမွန်သည့် ဘုရားများ အနုစိတ်လက်ရာ ထူးခြားကောင်းမွန်သည့်ဘုရားများ၊ နံရံဆေးရေးပန်းချီလက်ရာ ထူးခြားကောင်းမွန်သည့် ဘုရားများ၊ ပုဂံခေတ် ဗုဒ္ဓတက္ကသိုလ်နှင့် အုတ်ကျောင်းများစသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရန် ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီး၍ အုတ်ကုန်းများသဖွယ်ဖြစ်နေသော စေတီ၊ ပုထိုးများအား မူလပုံစံအတိုင်း ပြန်လည်မွမ်းမံ တည်ဆောက်ထားရှိမှု၊ ရှေးဟောင်း အဆောက်အအုံအုတ်ရိုးစီ အစားဖြည့်လုပ်ငန်းများ၊ ပေါင်းကူး Arch way အကြီး၊ အသေးဆောင်ရွက်ခြင်း လုပ်ငန်းများ၊ အနားသတ်၊ ကြားသိပ်ခြင်းလုပ်ငန်းများ၊ ဝမ်းစာဖျော်လောင်းခြင်းလုပ်ငန်းများ၊ အုတ်မြစ်စီခြင်းလုပ်ငန်းများ၊ သံကူကွန်ကရစ် ခါးပတ်ခြင်း လုပ်ငန်းများနှင့် ပြည်သူလူထု လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာဖြင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်က မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနိုင်သည့် ရွှေသပိတ်ဘုရား၊ ကျောက်မျက်မော်ဘုရား၊ ယင်းဘုရားအနီးရှိ ဘုရားနှစ်ဆူနှင့် ဥမင်ကြီးတို့အား ဦးစားပေးပြုပြင်ထိန်းသိမ်းရန်အတွက် အကြံပြုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

(24-7)07.pmd 1 7/24/2011, 5:46 AM

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၁၅၀၆ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဟားခါးမြို့၌ အင်္ဂမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် အင်္ဂမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် ဟားခါးမြို့ ရှန်းတောင်တန်း၌ ကျင်းပရာ ရှေးဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ရေသင်းဝင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်/ မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ယူကလစ်ပင် ၄၀၀၊ ရေသင်းဝင်ပင် ၄၀၀၊ ချယ်ရီပင် ၂၀၀ နှင့် မိုင်းဘောပင် ၂၀၀ စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဝန် ကြီး ချုပ် ဦး ဟုန်း ငိုင်း ၂၀၁၁ ခုနှစ် အင်္ဂမအကြိမ် မိုး ရာ သီ သစ်ပင် စိုက်ပျိုးပွဲတွင် ရေသင်း ဝင်ပင်ကို စိုက် ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သင်ခ (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အကပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြိုးတစ်မျှင်” (အပိုင်း-၆၂)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “ချစ်သူ၏ တခြားအခြမ်း” (ပြေတီဦး၊ နန္ဒာလှိုင်) ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)**
- ၂း၃၀ ၇။ အတီးပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၅။ “သက်တံရောင် ကောင်းကင်သစ်”
- ၅း၁၀ ၆။ “မူဆယ်ဒေသအထွက်တိုးစပါး ဒေသဝမ်းစာပိုလျှံသွား”
- ၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် “ရေငုပ်သမားလေးအိုလီ” (အပိုင်း-၂)**
- ၆း၄၀ ၁၁။ တစ်မျက်နှာ တစ်ကွက်စာ “မာယာ ၄၁” (ဖိုးသောကြာ၊ ခိုင်ပွင့်၊ အောင်လွမ်းအောင်) [ဒါရိုက်တာ-အာယု]
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နဲ့အမုန်း” (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ)(အပိုင်း-၃၄)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုပ်ထွေးဆန်းကြယ်” (အပိုင်း-၂၆)**
- ၁၈။ အစီအစဉ်ပြီး၏။

ခင်ပွန်း ဦးမင်းနောင် (၈)နှစ်ပြည့် အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်ညို မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင် သစ်ကြီးအတွက် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလွင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၃

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် စုပေါင်းအလှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ဆက်ကပ်နိုင်ကြောင်းနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင် သား၊ သမီးများစာရင်းကို ဒုတိယဗိုလ်မှူးကြီးခင်စိုး (ငြိမ်း၊ဥက္ကဋ္ဌ) ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၇၂၁၉၄၊ ဦးသန့်ကြီး (အတွင်းရေးမှူး) ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၈၁၈၉၈ နှင့် ဦးကျော်အေး ဖုန်း-၂၄၈၀၀၁ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့ဗိုက်ဆွေ

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

ချင်းတွင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၄၅ စင်တီမီတာ (တစ်ပေခွဲ)ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိမည်။

သံလွင်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀၈ စင်တီမီတာ (သုံးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိမည်။

စစ်တောင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၈၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိမည်။

ငဝန်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

စင်ကာပူဆေးရုံများ၌ အရေးပေါ်ဆေးကုသမှု ရှင်းလင်း

ရန်ကုန် ဇူလိုင် ၂၃

KC ကျန်းမာရေးလုပ်ငန်းနှင့် Parkway Shenton Pte Ltd. တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံ Parkway အုပ်စုဆေးရုံများသို့ အရေးပေါ်ဆေးကုသမှုခံယူရန်အတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များ ရှင်းလင်းပွဲကို ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် KC ကျန်းမာရေးလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Parkway Shenton Pte Ltd. မှ တာဝန်ခံပုဂ္ဂိုလ်တို့က ကုမ္ပဏီ၏ ကျန်းမာရေးလုပ်ငန်းများနှင့် အရေးပေါ်လေယာဉ်ဖြင့် ဆောင်ရွက်ပေးမည့် စနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းရှင်းလင်းဆွေးနွေးမှုအပေါ် ရန်ကုန်မြို့ ပုဂ္ဂလိကဆေးရုံကြီးများမှ တာဝန်ခံပုဂ္ဂိုလ်များ၊ အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းနှင့် ဆရာဝန်ကြီးများက ပြန်လည်ဆွေးနွေးကြပြီး ဗဟန်းမြို့နယ် ပုလဲကွန်ဒို (C) အဆောင်ရှိ KC ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ဖုန်း-၀၉-၂၁၁၀၄၄၃ နှင့် ၀၉-၇၃၀၇၆၄၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်လေးလုံးဖြင့် အပြည့်အဝ ဓာတ်အားထုတ်လုပ်နေ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေထိန်းတမံ၌ တမံပြီးစီးမှု၊ တမံအတွင်း ရေဝင်ရောက်နေမှု၊ ရေယူအဆောက်အအုံနှင့် ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံအတွင်း ဓာတ်အားပေးစက် လေးလုံးမှ စက်မောင်းနှင် ဓာတ်အားထုတ်လုပ်ပေးနေမှု Generator Floor ရှိ စက်တစ်လုံးချင်းစီကို ကြည့်ရှုစစ်ဆေးပြီး စက်များ ကြံ့ခိုင်ထိန်းသိမ်းမှုများနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ဓာတ်အားပေးစက်များ ထိန်းချုပ်ခန်း (Control Room) ၌ စက်ရုံမှူးနှင့် စက်ခန်း တာဝန်ခံအင်ဂျင်နီယာတို့က ဓာတ်အားထုတ်လုပ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရွှေကျင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ စက်လေးလုံး တပ်ဆင်ထားပြီး စက်တပ်ဆင်အား စုစုပေါင်း ၇၅ မဂ္ဂါဝပ်ရှိသည်။ ပထမစက်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၊ ဒုတိယစက်ကို ၂၀၁၁ ခုနှစ် မတ် ၂၅ ရက်၊ တတိယစက်ကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်၊ စတုတ္ထစက်ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၂၀ ရက်တို့တွင် စတင်၍ စီးပွားဖြစ်မောင်းနှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့ပြီဖြစ်ပြီး ယခုစစ်ဆေးချိန်တွင် စက်လေးလုံးဖြင့် အပြည့်အဝ မောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေပြီဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှုရပ်မှ တမံအတွင်းရေဝင်ရောက်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ အမှတ်(၄) တည်ဆောက်ရေး ညွှန်ကြားရေးမှူးက ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း၏ တည်ဆောက်ရေး လုပ်ငန်းကြီး ကိုးရပ်ဖြစ်သော အကူရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ကုန်းကြောတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့၏ လုပ်ငန်းတစ်ခုချင်းအလိုက် ရာနှုန်းပြည့်ပြီးစီးမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ငါးနှစ်အတွင်း နှစ်စဉ် လအလိုက် ရေစီးဝင်ရောက်မှု၊ ယခုနှစ် ရေဝင်ရောက်မှုနှိုင်းယှဉ်ချက်နှင့် ရေဝင်ရောက်မှုအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ကျန်လုပ်ငန်းများ အပြီးသတ် ဆက်လက် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်လေးလုံးမှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်မောင်းနှင်ပေးနိုင်ပြီဖြစ်သော်လည်း ကျန်ရှိသော အပြီးသတ်လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန်၊ ရေပိုလွှဲမှ ရေမကျော်စေဘဲ မိုးများသောကာလတွင် စက်လေးလုံးစလုံးကို စွမ်းအားပြည့် မောင်းနှင်၍ ဓာတ်အားထုတ်လုပ် ပို့လွှတ်ရန်၊ တမံနှင့် ဓာတ်အားပေးစက်ရုံအပြင် ရေအားနှင့်ပတ်သက်သော အဆောက်အအုံများ၏ လုံခြုံရေးကို အထူးဂရုစိုက်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းများကို မိုးရာသီတွင် အထူး ခွန်အားစိုက်ထုတ် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ရှိသော စက်လေးလုံး တပ်ဆင်လျက် စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား ၇၅ မဂ္ဂါဝပ်ရှိပြီး ယခုအခါ စက်လေးလုံး စလုံး တပ်ဆင်ပြီးစီး၍ စက်လေးလုံးဖြင့် မောင်းနှင် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိရာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၂၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာစိပ်စပ်မိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၁	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၃	နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၇	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၁	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပေါင်မြို့တွင် ၄ ဒသမ၅၈ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့တို့တွင် ၃ ဒသမ ၉၇ လက်မစီ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ပဲခူးမြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ပုသိမ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၁၁ လက်မ၊ တောင်ကုတ်မြို့နှင့် သထုံမြို့တို့တွင် ၃ ဒသမ ၀၈ လက်မစီနှင့် ဂွမြို့တွင် ၃ ဒသမ ၀၃ လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော် အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင် အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနိုင်သည်။

မြေယာရှင်းအလု ဆောင်ရွက်

ပုလဲ ဇူလိုင် ၂၃

ပုလဲမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်အနီးရှိ မြေယာရှင်းအား အဖွဲ့ဝန်ထမ်းများဖြင့် ပန်းအလှပင် ထပ်မံစိုက်ပျိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

နို့နှင့် နို့ထွက်ပစ္စည်းများကို ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးရန် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများ စုပေါင်း၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်

နေပြည်တော် ဇူလိုင် ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု လက်တွေ့အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နို့စားနွားမွေးမြူကြသူများနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ နို့နှင့် နို့ထွက်ပစ္စည်းများကို ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးသွားရန်နှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများ စုပေါင်း၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ပမှတင်သွင်းသည့် နို့နှင့် နို့ထွက်ပစ္စည်းများလေ့လာခြင်းစာတမ်းကို ဒေါက်တာခင်လှိုင်က လည်းကောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သော နို့နှင့် နို့ထွက်ပစ္စည်းလေ့လာခြင်းစာတမ်းကို ဒေါက်တာလှလှသိန်းက လည်းကောင်း၊ နွားနို့မှ နို့ဆီချက်လုပ်ခြင်းစာတမ်းကို ဒေါက်တာမြင့်ဆွေက လည်းကောင်း၊ နို့ထုတ်လုပ်မှုစရိတ် ပြည်တွင်း/ပြည်ပ နှိုင်းယှဉ်လေ့လာချက်စာတမ်းကို ဒေါက်တာ အယ်လ်တူးမိန်းဂေါင်ကလည်းကောင်း ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဖတ်ကြားသော စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး မြန်မာနိုင်ငံ နို့ထွက်ပစ္စည်းထုတ်လုပ်မှု အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းအခြေအနေကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုအလိုက် ဆွေးနွေးချက်များ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရေပြွန်ပေါက်၌ ဆိုင်ကယ်တိမ်းမှောက်၍ ဒဏ်ရာပြင်းထန်စွာရ

တောင်ငူ ဇူလိုင် ၂၃

ဇွန် ၂၆ ရက် နံနက် ၄ နာရီခန့်က တောင်ငူမြို့ (၁၁)ရပ်ကွက် ဓာတုကလျာလမ်း လမ်းဖြတ်ရေပြွန်ပေါက်တွင် တောင်ငူမြို့ (၉)ရပ်ကွက် ကြက်သွန်ချစွန်းနေ မောင်သန့် အသက်(၂၄)နှစ်နှင့် အဖော်တစ်ဦးတို့ စီးနင်းလာသော ဆိုင်ကယ်သည် ပြွန်ပေါက်ကို သတိမမူဘဲ ဖြတ်ကျော်မောင်းနှင်ခဲ့မိရာမှ ဆိုင်ကယ် တိမ်းမှောက်မှုဖြစ်ပွားကာ ဆိုင်ကယ်ပိုင်ရှင် မောင်သန့်မှာ သွားများကျွတ်ထွက်လျက် မျက်နှာနှင့် ဦးခေါင်းတို့တွင် ပြင်းထန်စွာ ဒဏ်ရာများရရှိသွားပြီး တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တင်ပို့ကုသထားကြောင်း သိရသည်။

အမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အမှတ်(၂) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ အရေးယူထားကြောင်း သိရသည်။ (၁၂၉)

တန်ချိန်ပိုတင်သည့် ကုန်ကားများ ဒဏ်ငွေရိုက်

တောင်ငူ ဇူလိုင် ၂၃

ရန်ကုန်-မန္တလေးကားလမ်းဟောင်း တောင်ငူမြို့အထွက်ရှိ ကမ္ဘောဇကတ္တားကို ဖြတ်သန်းမောင်းနှင်သော ကုန်တင်ကားကြီးများကို ဇူလိုင် ၁၂ ရက်က တောင်ငူမြို့ ဆောက်လုပ်ရေးရုံးမှ အငယ်တန်းအင်ဂျင်နီယာ ဦးသန်းထွန်း ခေါင်းဆောင်သော စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးပြီး အာဆီယံ သတ်မှတ်စံညွှန်း ကုန်ချိန်ထက်ပိုတင်သည့် ၁၂ ဘီးနှင့် ၁၀ ဘီးကားကြီးလေးစီးကို စစ်ဆေးတွေ့ရှိ၍ အုတ်တွင်းမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားရုံးမှ ဇူလိုင် ၁၃ ရက်တွင် ဒဏ်ငွေအသီးသီး တပ်ရိုက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းရှိ ကတ္တားအချို့သည် အာဆီယံသတ်မှတ်စံညွှန်းထက် တန်ချိန်ပိုတင်သည့်ကားများကို စစ်ဆေးရေးအဖွဲ့များမရှိပါက တားမြစ်ခြင်းမရှိဘဲ ခွင့်ပြုနေသည့်အတွက် ယခုကဲ့သို့ အမှုအခင်းများ ဖြစ်ပွားလျက်ရှိသည်။ (၁၂၉)

ပြည်သူ့ထံမှ ပေးစာများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း (ရွှေဂုံတိုင်မီးပွိုင့်မှ ဇီဝိတဒါနသံဃာ့ဆေးရုံကြား)လမ်းတစ်လျှောက် မိုးရွာသည့်အခါ ရေမြောင်းများ ပိတ်ဆို့ရေလျှံပြီး အချိန်အတော်ကြာ ရေဝပ်နေလေ့ရှိခြင်းကြောင့် လမ်းမှာ ပျက်စီးလုနီးပါး ဖြစ်နေပါသည်။ ကားများမောင်းနှင်သည့်အခါ ဝပ်နေသော ရေသည် လမ်းဘေးပလက်ဖောင်းပေါ်ရှိ ခရီးသွားများအားလွင့်စဉ်ကာ ညစ်ပေမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ပလက်ဖောင်းပေါ် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းမပေါ်ရေမဝပ်စေရန် ရေမြောင်းများ ရေစီးရေလာကောင်းအောင် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသွားလမ်းလာများ**

ခွေးလေခွေးလွင့်များ ရှင်းလင်းစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် မလွကုန်းလမ်းနှင့် မြို့သစ်(၁)လမ်းကြား ကျောက်ရေတွင်းလမ်း ကျောက်မြောင်းအရှေ့ရပ်ကွက်တွင် ခွေးလေခွေးလွင့်များ များပြားနေပါသဖြင့် မကြာခဏ ခွေးကိုက်ခံကြရပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခွေးကြောက်သူ**

ရေထွက်ပေါက်မြောင်း ဖောက်လုပ်ပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တက္ကသိုလ်ရိပ်မွန်မြို့တော် (၁၁၀) ရပ်ကွက် အိမ်ရာဝင်းအတွင်း မိုးသည်းထန်စွာရွာသွန်းသောအခါ လမ်းများ ရေလျှံပြီး နေအိမ်များထဲသို့ ရေများဝင်ရောက်နေပါသဖြင့် လျှပ်စစ်အန္တရာယ်၊ အဆိပ်ရှိသော သတ္တဝါများအန္တရာယ်နှင့် သက်ကြီးရွယ်အိုများ အိမ်အတွင်းချော်လဲခြင်းများ တွေ့ကြုံနေရပါသည်။ အိမ်ရာဝင်းပတ်လည်တွင် ရေထွက်ပေါက်မြောင်းများမရှိပါသဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သက်ကြီးရွယ်အိုများ**

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာ သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံသည်။

ထို့နောက် သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် စပ်လျဉ်းသည့် Power Point ကို အင်္ဂလိပ်စကားပြောဖြင့် လည်းကောင်း၊ "Proud Of You "အမည်ရှိ အင်္ဂလိပ်သီချင်းကို သင်တန်းသား၊ သင်တန်းသူများက စုပေါင်းသီဆို၍ လည်းကောင်း တတ်မြောက်မှုစွမ်းရည်ပြကြသည်။

ဆက်လက်၍ သင်တန်းတာဝန်ခံ ဒေါက်တာအောင်ကျော်ဆန်းက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား၊ သင်တန်းသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများက အာရှမြန်မာသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၃

ဦးဇော်နိုင်မိုး (အောင်ပြည့်ဖြိုးဦး ဆောက်လုပ်ရေး)သည် ကစားဖော်များ ဖြစ်ကြသော ဦးထွန်းထွန်း (ငွေကြယ်စင် ကားထုတ်လုပ်ရေး)၊ ဦးစောထွန်းလှိုင် (GOLDEN THANLARWADDY)၊ ဦးတင်ဦး(SETRA ကတ္တား)၊ ဦးသန့်ဇင် (EVEREST GENERAL ECONOMIC Co.,OP-Ltd.) တို့နှင့်အတူ ဇူလိုင် ၁၅ ရက်က ရန်ကုန်ဂေါက်ရိုက် အသင်း (တညင်းကုန်း)၌ ဂေါက်ရိုက် ကစားစဉ် TITLEIST PRO VI No(2) ဘောလုံးကို HONMA IRON (6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၈၅ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၅) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူ မောင်ထက်အောင်လှိုင်သည် ကစားဖော်များဖြစ်ကြသော မောင်ရန်မျိုးအေး၊ မောင်ကောင်းမိုးထွန်း၊ မောင်အောင်ဆန်းမျိုးတို့နှင့်အတူ ယင်းနေ့တွင် ရန်ကုန်ဂေါက်သီးရိုက်အသင်း (တညင်းကုန်း)၌ ဂေါက်သီးရိုက်ကစားစဉ် TITLEIST PRO VI No.(4) ဘောလုံးကို KING COBRA PRO CB IRON No.(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၂၀၄ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(ဇ)

သစ်တောရေးရာဝန်ကြီးဌာန ဂိုးမရှိ

ပြန်ကြားရေးဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး) ဦးထွန်းရှင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(က)

မွေး/ရေဝန်ကြီးဌာန ကိုးဂိုး

(အောင်ကိုလတ်၊ စိုးမောင်မောင်-သုံးဂိုးစီ၊ ရန်ကျော်ထွေး-နှစ်ဂိုး၊ သူရိန်ထွေး)

တရားလွှတ်တော်ချုပ်ရုံး နှစ်ဂိုး

(အောင်ကိုကို-၂နှင့် မျိုးမင်းထွန်း)

(ဒိုင်လူကြီး) ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(က)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန တစ်ဂိုး

(ညဏ်လင်းအောင်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး) ဦးကျော်လွင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၅-၇-၂၀၁၁ ရက်ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(ခ)

အမှတ်(၁)စက်မှုနှင့် ဆောက်လုပ်ရေး

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဂ)

ပို့ဆောင်ရေးနှင့် သိပ္ပံနှင့်နည်းပညာ

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ခ)

စီးပွား/ကူးသန်းနှင့် စွမ်းအင်

(၁၀၇)

အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဆုပေးပွဲတွင် အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲ၌ တတိယဆုရ ဘယ်နွှန်အသင်း၊ ဒုတိယဆုရ DGH ရွှေမြင်း(၂)ကောင် ဓာတ်ခဲအသင်းနှင့် ပထမဆုရ သံလွင်အသင်း၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် တတိယဆုရ Fire Wolf (B) အသင်း၊ ဒုတိယဆုရ Fire Wolf(A) အသင်းနှင့် ပထမဆုရ DGH ရွှေမြင်း(၂)ကောင် ဓာတ်ခဲအသင်းတို့အား တာဝန်ရှိသူများက တစ်ဦးချင်းနှင့် ငွေသားဆုများ ပေးအပ်ကြပြီး အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲနှင့် အလွတ်တန်း အမျိုးသားပြိုင်ပွဲတို့တွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က ဆုများကို ပေးအပ်သည်။

ယင်းနောက် အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က လည်းကောင်း၊ အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ သံလွင်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း၊ အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ DGH ရွှေမြင်း(၂)ကောင် ဓာတ်ခဲအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာ စိန်မြင့် **(ယာပုံ)** က လည်းကောင်း ပေးအပ်ကြသည်။

(သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင်

ဘိုဂျန်ကာကစ်နှင့် ဟိန်နဇ်တို့ကို ရိုးမားအသင်း ခေါ်ယူ

ရောမ ဇူလိုင် ၂၃

အီတလီစီးရီးအေ အသင်းကြီးတစ်သင်းဖြစ်သည့် ရိုးမားအသင်းသည် ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး ဘိုဂျန်ကာကစ်နှင့် မာဆေးနောက်ခံ ကစားသမား ဟိန်နဇ်တို့ကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ရိုးမားအသင်းသည် အသက်(၂၀)ရှိ ဘာစီလိုနာအသင်းမှ စပိန်လူငယ်ကစားသမား ဘိုဂျန်ကာကစ်ကို ခေါ်ယူရာတွင် နှစ်ဖက်အသင်းများအကြား အနည်းငယ်ရှုပ်ထွေးသည့် ကတိကဝတ်စာချုပ်များ ထားရှိခဲ့သည်။ ရိုးမားအသင်းသည် ဘိုဂျန်ကာကစ်ကို ပြောင်းရွှေ့ကြေး ၁၀ ဒသမ ၅ သန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအကုန်တွင် အဆိုပါကစားသမားကို ဘာစီလိုနာက ပြန်လည်ခေါ်ယူမည်ဆိုပါက မူလပြောင်းရွှေ့ကြေး အပါအဝင် ပေါင်သန်း ၁၁ ဒသမ ၄ သန်းဖြင့် ပြန်လည်ခေါ်ယူခွင့်ပြုရမည်ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ရိုးမားအသင်းက ဘိုဂျန်ကာကစ်ကို အသင်းတွင်သာ ဆက်လက်ခေါ်ယူထားမည်ဆိုပါက စုစုပေါင်း ကုန်ကျစရိတ်မှာ ပေါင် ၃၂ ဒသမ ၂ သန်းထိ ဖြစ်လာမည်ဖြစ်သည်။ ဘိုဂျန်ကာကစ်သည် ဘာစီလိုနာသို့ အူဒီးနိစ်အသင်းမှ ချီလီတိုက်စစ်မှူး ဆန်ချက်ဇ်ရောက်လာ၍ အသင်းပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ရိုးမားအသင်းသည် နောက်တန်းအားနည်းမှုကို ဖြည့်တင်းရန်အတွက် ပြင်သစ်ကလပ် မာဆေးမှ အာဂျင်တီးနား ဘယ်နောက်ခံကစားသမားဟိန်နဇ်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ပြင်သစ်မြေတွင် နှစ်နှစ်ကြာသွားရောက်ကစားခဲ့သည့် အသက် (၃၃)နှစ်ရှိ ဟိန်နဇ်သည် မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့တွင် ကစားဖူးခဲ့သကဲ့သို့ ပေါ်တူဂီမြေတွင်လည်း သွားရောက်ကစားဖူးသူဖြစ်သည်။ အတွေ့အကြုံရင့်ကျက်လှသည့် ဟိန်နဇ်သည် အသင်းသစ် ရိုးမားတွင် ပုံမှန်ပွဲထွက်ခွင့် ရရှိလိမ့်မည်ဟု မျှော်လင့်နေသည်။

ESPN

ဟန်သစ်

ဘလက်ပူးအသင်း ဘယ်ရီဖာဂူဆန်ကို ခေါ်ယူစာချုပ်

လန်ဒန် ဇူလိုင် ၂၃

ဘလက်ပူးအသင်းသည် ဘာမင်ဂမ်အသင်းမှ စကော့တလန်ကွင်းလယ်ကစားသမား ဘယ်ရီဖာဂူဆန်**(အောက်ပုံ)**ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။



အသက်(၃၃)နှစ်ရှိ ဘယ်ရီဖာဂူဆန်သည် ဘာမင်ဂမ်အသင်းတွင် ခြေစွမ်းပြခဲ့ပြီး အသင်းရလဒ်ပိုင်းကောင်းမွန်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဘလက်ပူးရောက် ဘယ်ရီဖာဂူဆန်က ၎င်းအနေဖြင့် ဘလက်ပူးတွင် ကစားရမည်ကို ကျေနပ်မိကြောင်း၊ အသင်းအတွက် အကောင်းဆုံး ပေးဆပ်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ESPN

ဘောလုံးလောက အပြောင်းအရွှေ့

ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ဘောလုံးလောကအပြောင်းအရွှေ့များမှာ-

*အီမာဆင်ကွန်ဆိုင်ကာအို(နောက်တန်း)လိုင်လီမှ ဘင်ဖီကာ၊ ပါပါစတာသို ပူလို့စ်(နောက်တန်း) ဂျီနိုအာမှ ဝါဒါဘရီမင်၊ ကပ်ဒီဗီလာ(နောက်တန်း) ဗီလာရီးရဲမှ ဘင်ဖီကာ၊ ကီလီနော့တန်(နောက်တန်း)စပါးမှ နော့ဝစ်ချ်စီးတီး၊ တေလာ(ကွင်းလယ်) ဘော်လ်တန်မှ ဝက်စ်ဟမ်း၊ တီယာဂို မင်ဒက်စ်(ကွင်းလယ်)ဂျူဗင်တပ်စ်မှ အက်သလက်တီ ကိုမက်ဒရစ်၊ မီလို(ကွင်းလယ်) ဂျူဗင်တပ်စ်မှ ဂါလာတာစာရေး၊ ဒေးဗစ်ဆွာဇို (ရှေ့တန်း) အင်တာမီလန်မှ ကာဂရီယာရီ၊ ဗီဒယ်လ်ပါဒို(ကွင်းလယ်) လေဗာကူဆင်မှ ဂျူဗင်တပ်စ်၊ အဲလစ်ဆန်ဒရို(နောက်တန်း)ဆန်းတို့စ်မှ ပေါ်တိုတို့ပင်ဖြစ်သည်။*Goal

သာသနာ့နုဂ္ဂဟအသင်း ရုံးခန်းဖွင့်လှစ်

ဆိပ်ကြီးခနောင်တို ဇူလိုင် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် အသင်းရုံးခန်းဖွင့်လှစ်ခြင်းကို ဇွန် ၂၈ ရက်က ဗဟိုလမ်းရှိ ဗုဒ္ဓဟူးဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူး ဦးငွေသောင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(၆၀၀)

အလက(၄)အင်းစိန် စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နတ်တလင်းမြို့ပေါ် စာသင်ကျောင်းများ၊ လူနေရပ်ကွက်များနှင့် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၃ ရက်က ဆောင်ရွက်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ (၅)ရပ်ကွက် စွယ်တော်လမ်း အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းဝေ ဆောင်ရွက်နေမှုအား ဇွန် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

သိုင်းပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်သိုင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် လက်နက်မဲ့သိုင်းပြိုင်ပွဲနှင့် လက်နက်ဖြင့်သိုင်းပြိုင်ပွဲနှစ်မျိုးပါဝင်မည်ဖြစ်ပြီး လက်နက်မဲ့သိုင်းပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း အမျိုးသား ၁၁ တန်းနှင့် အမျိုးသမီး ခုနစ်တန်း၊ လက်နက်ဖြင့် သိုင်းပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း အမျိုးသားငါးတန်းနှင့် အမျိုးသမီးလေးတန်း ပါဝင်မည်ဖြစ်ကာ ပြိုင်ပွဲအမျိုးအစားအားဖြင့် လက်နက်မဲ့သိုင်းပြိုင်ပွဲ၊ ဓားသိုင်းအတိုက်ပြိုင်ပွဲနှင့် သိုင်းပညာစွမ်းရည်ပြပြိုင်ပွဲ၊ အသင်းလိုက်အတိုက်စွမ်းရည်ပြပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်သည်။ လက်နက်မဲ့သိုင်းပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း အမျိုးသား ၁၀ တန်း၊ အမျိုးသမီးခြောက်တန်း၊ ဓားသိုင်းအတိုက်ပြိုင်ပွဲတွင် အမျိုးသားနှစ်တန်း၊ အမျိုးသမီးနှစ်တန်း၊ သိုင်းပညာစွမ်းရည်ပြပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ပါဝင်မည်ဖြစ်သည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၃

ဦးခင်အောင်တင့်သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဝင်း(ရွှေမန်းတောင်ဆေးတိုက်)၊ ဦးတင်အောင်ကျော် (CE နိုင်ငံခြားသားသဘော်)၊ ဦးကိုလေး (CE နိုင်ငံခြားသားသဘော်)တို့နှင့်အတူ ဇူလိုင် ၁၉ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် PRESEPT NO(4) ဘောလုံးကို MIZUNO IRON NO(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

စစ်မှုထမ်းဟောင်းညီလာခံ(၂၀၁၁)အား ထောက်ခံဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစိုးနိုင်ဦး(ငြိမ်း)ဦးဆောင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်အောင် ဦးဆောင်သည့် ဝန်ထမ်းများဖြင့် ဇူလိုင် ၄ ရက်က ပိုးတန်းရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

မြို့သစ် ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကွင်း၌ ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြိုင်ပွဲဝင်အသင်း ၂၄ သင်းမှ အားကစားသမားများအား ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါပြိုင်ပွဲသို့ ဘောလုံး ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် NGO အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် (၁၃)ကြိမ်မြောက် PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ရှိ သင်တန်းခန်းမ၌ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပုဂံသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းသည့်ဒေသဖြစ်

ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့၍ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပသည့်ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင်နှင့်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပက ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပုဂံဒေသရှိ ဟိုတယ်များ၊ တည်းခိုခန်းများမှ မန်နေဂျာများနှင့် ရှေးဟောင်းအမွေအနှစ်စေတီပုထိုးများအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးကို အဓိက ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ **ပထမ ရည်ရွယ်ချက်မှာ** ပုဂံညောင်ဦးဒေသရှိ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုလက်ရာ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ၊ အသုံးပြု ဆောင်ရွက်လျက်ရှိသည့် ခေတ်မီနည်းစနစ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ဒေသခံပြည်သူများ သိရှိစေရန်နှင့် အားလုံးက ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန်ဖြစ်ပြီး **ဒုတိယရည်ရွယ်ချက်မှာ** ယနေ့ လတ်တလော ဆောင်ရွက်နေသည့် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများအပေါ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုဖော်ညွှန်းနေသည့် ဒေသတစ်ခုဖြစ်ခြင်း၊ ဤဒေသရှိ ယဉ်ကျေးမှု အနုပညာလက်ရာများသည် တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သကဲ့သို့ မြန်မာတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားဆိုင်ရာ စေတီ၊ ပုထိုးများ တစုတဝေးတည်း တည်ရှိသည့် ဒေသတစ်ခုဖြစ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အဓိကအကျဆုံးသော ခရီးသွားလုပ်ငန်းမြို့တစ်မြို့ဖြစ်ခြင်း စသည့် ထူးခြားသည့် ဂုဏ်အင်္ဂါရပ် သုံးရပ်ကြောင့် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသော တန်ဖိုးကြီးမားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါဂုဏ်အင်္ဂါရပ်များ ရေရှည်တည်တံ့ပြီး မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့✤